# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# အထူးအစည်းအဝေး

# (၁/၂၀၁၃)

# ကျင်းပခြင်း

D/sixth marticar(1)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**
**အထူးအစည်းအဝေး (၁/၂၀၁၃)**

(က) **အထူးအစည်းအဝေး(၁/၂၀၁၃) ပထမနေ့မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၁

(၂) ကတိသစ္စာမပြုရေးသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ ၄

(၃) ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် စည်ပင်သာယာရေးဝန်ကြီးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ၄

(၄) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၅

(၅) ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။ ၆

(၆) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆









(ဂ) ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ ၃၆

(၁) "ဂရိတ်ဖိုက်ကုမ္ပဏီအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။" နှင့် စပ်လျဉ်း သည့် မေးခွန်း။

(၂) "ဝန်ထမ်းစည်းကမ်းတွင် သံသယဖြစ်ဖွယ် တွေ့ရှိရသည်ဟူသော အကြောင်းပြချက်ဖြင့် အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူနိုင်ခြင်းနှင့် တာဝန်ကြောင့်ဒဏ်ရာရရှိလျှင်အလုပ်မှ ထုတ်ပယ်ခြင်းတို့ ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၁

(၃) "ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူးအားဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၆

(ခ) ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအနီးရှိ နောင်ခိုက်ရေထွက်အား လျှို့ပိတ်ဆည်အဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၀

(ဂ) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "နောင်ချိုမြို့ တစ်မြို့လုံး သောက်သုံးရေ ဖူလုံအောင် ရေပေးနိုင်သော သဲဖြူရေကန်အား စနစ်တကျပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၅၃

(၁၀) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၅၆

(၁၁) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၄





(၇) ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ ၁၅

(၈) ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ ၂၈

(၉) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၉

(က) ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " ဗထူးတပ်နယ်၊ ကန်တော်မင် ဧရိယာအတွင်း လယ်ယာမြေလုပ်ကိုင်ခွင့် လက်မှတ်ကို မည်သို့လုပ်ကိုင် ဆောင်ရွက်ပေးသွားမည်/မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် " နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၉

(ခ) ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ "ကွန်ဟိန်းမြို့နယ်တွင် ကြုံတွေ့နေရသော ကျန်းမာရေး၊ ပညာရေး ဆိုင်ရာ စောင့်ရှောက်မှုများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ စိစစ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၂

(၁၂) ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၆၅

**(ဂ) အထူးအစည်းအဝေး(၁/၂၀၁၃) ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။ ၆၆

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၇

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၆၈

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ ၆၈





(၈) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး(၁/၂၀၁၃) ကျင်းပပြီးစီးခြင်း။ ၈၅

- ဆုံးဖြတ်ခြင်း ၈၈
- မှတ်တမ်းတင်ခြင်း ၉၀

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၆၉

- ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ကျောက်မဲမြို့နယ်၊ ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းကို ကတ္တရာလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်” နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၇၀

(၆) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၇၃

(၇) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။ ၇၈

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# အထူးအစည်းအဝေး(၁/၂၀၁၃)
# (ပထမနေ့)မှတ်တမ်း
## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၂)ရက်
## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်
## [ တနင်္လာနေ့ ]

တောင်ကြီးမြို့၊ ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်း အဝေး (၁/၂၀၁၃) (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့်





အပေါ်မူတည်နေပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေ/နည်းဥပဒေ ဖြစ်တဲ့ ၂၀၁၃ တိုင်းနှင့်ပြည်နယ် လွှတ်တော် ဥပဒေ၊ ရှမ်းပြည်နယ် လွှတ်တော် နည်းဥပဒေများကို ကျေညက်စွာလေ့လာပြီး လိုက်နာ ကျင့်သုံး ကြစေလိုပါတယ်။ စည်းကမ်းရှိစွာဖြင့် မိမိတက်ရောက် နေတဲ့ လွှတ်တော်ရဲ့ အစည်းအဝေးကို ရိုသေသမှုပြုကြရန် လိုအပ်ပါတယ်။ အစည်းအဝေး ခန်းမထဲ ဝင်ခါနီး၊ ထွက်ခါနီး နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ရိုသေသမှုပြုကြရန် မေတ္တာ ရပ်ခံအပ်ပါတယ်။ အစည်းအဝေးကျင်းပနေစဉ်ကာလမှာ မိမိ တိုင်းရင်းသားဝတ်စုံများကို ဝတ်ဆင်စေချင်ပါတယ်။

လွှတ်တော်အစည်းအဝေး ကျင်းပနေတဲ့အချိန်မှာ CCTV ကင်မရာနှင့် ရိုက်ထားပါတယ်။ တချို့ သတိမမူမိဘဲနဲ့ ခေါင်းပေါင်းချွတ်ထားတာတို့ အပေါ်အင်္ကျီချွတ်ထားတာတို့ မပြုစေချင်ပါဘူး။ နောက်တစ်ခုက ပြည်နယ်အစိုးရအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များ အဆို၊ မေးခွန်း၊ ထောက်ခံဆွေးနွေးမှု ပြုတဲ့နေရာမှာ သက်ဆိုင်ရာ ခေါင်းစဉ်နှင့်လိုက်လျောညီထွေတဲ့ အသုံးအနှုန်းပြောဆိုဆွေးနွေးမှုများ ဖြစ်စေချင်ပါတယ်။ လွှတ်တော် ကို သေးသိမ်စေတဲ့ အပြောအဆို၊ ပြုမူကျင့်ကြံနေထိုင်မှုများကို လည်း ရှောင်ရှား ကြစေလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ။ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဆွေးနွေး၊ မေးမြန်း၊ ဖြေကြားသွားပြီးတဲ့အခါ ဂုဏ်ပြုသောအားဖြင့် လက်ခုပ်သြဘာများ ချီးမြှင့်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော် အဆောင် အယောင် အထိမ်းအမှတ် တံဆိပ်အဖြစ် ပြီးခဲ့တဲ့သတ္တမ အကြိမ် အစည်းအဝေးမှာ မေးခွန်း မေးမြန်းပြီးတော့ ဥက္ကဋ္ဌကြီးက နောင်အနီးစပ်ဆုံး အစည်းအဝေးမှာ ရရှိအောင်ဆောင်ရွက်ပေးမည်

ဆိုတဲ့ အတိုင်းပဲ ရှမ်းပြည်နယ်လွှတ်တော်ရဲ့ အဆောင်အယောင် အထိမ်းအမှတ်တံဆိပ်ကို ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်မြင့်က စပွန်ဆာအဖြစ် ရှမ်းပြည်နယ် လွှတ်တော် အဆောင်အယောင် အထိမ်းအမှတ်တံဆိပ်ကို ချီးမြှင့်လှူဒါန်းထားပါတယ်။ပြည်နယ်လွှတ်တော်အနေနှင့် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ထားအပ်ပါတယ်။ အစီအစဉ်(၂)ဖြစ်ပါတယ်။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာ ပြုခြင်းနှင့်ကတိသစ္စာပြုလွှာပေါ်တွင်လက်မှတ်ရေးထိုးခြင်း

**ဒုတိယဥက္ကဋ္ဌ။** ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ကတိသစ္စာ ပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်သွားပေးပါမယ်။ ဆက်လက်ပြီးတော့ ဒုတိယ အစီအစဉ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် စည်ပင်သာယာရေးဝန်ကြီးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ် ပါတယ်။ ကတိသစ္စာ မပြုရသေးသော ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် စည်ပင် သာယာရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသူ မိုင်းပြင်းမြို့နယ်



D/real(wide) (2



ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်။ ]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဦးစွာ အစီအစဉ်များ မစတင်ခင်မှာ ကျွန်တော် ဒုဥက္ကဋ္ဌအနေနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၃) နှုတ်ခွန်းဆက်သ စကားပြောလိုပါတယ်။ လွှတ်တော်ကိုယ်စား လှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက် ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ရပ်နားတဲ့အခါ မိမိမဲဆန္ဒရှင်ပြည်သူများ အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီး ယခုအခါ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးကိစ္စ ဆောင်ရွက်ကြရန်အတွက် ကျန်းကျန်းမာမာ၊ စုံစုံညီညီနှင့် တက်ရောက်လာတဲ့အတွက် အထူးဝမ်းသာဂုဏ်ယူမိပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ကောင်းတဲ့သမိုင်း ထားရစ်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ဝိုင်းဝန်းရေးသား သွားရပါမယ်။ လွှတ်တော်ရဲ့ အဆင့်အတန်းမြင့်မားဖို့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး

မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းက ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃)၊ (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ (၈၈ ဒသမ ၅၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၃၆)နှင့်၊ နည်းဥပဒေ(၃၄)(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅)၊ ပုဒ်မခွဲ(ဂ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပဖို့ ဖြစ်ပါတယ်။ အစည်းအဝေးအစီအစဉ် အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။





ဖြစ်ပါတယ်။ သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းနော်ခမ်း ပြည်နယ်ဝန်ကြီးသည် နေပြည်တော်သို့ တာဝန်ဖြင့်တက်ရောက်ရပါသဖြင့် ယခု ကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေးတွင် အစည်းအဝေးတက်ရောက် ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ် ခွင့်ပြုပါရန် ဦးစိုင်းနော်ခမ်း ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ်ခင်ဗျား။

**ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံ မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ ဖြစ်ပါတယ်။ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလုံးဆိုင် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် တာဝန်ဖြင့်ခရီးလွန်နေပါသဖြင့် ယခုကျင်းပသော ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃) ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ် ခွင့်ပြုပါရန် ဦးစိုင်းလုံးဆိုင် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးထွန်းရင် (ခ)လောက်ဝူ၊ ကွမ်းလုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကွမ်းလုံ မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းရင်(ခ)လောက်ဝူးဖြစ်ပါတယ်။ လောက်ကိုင်မြို့နယ်

မဲဆန္ဒနယ်အမှတ်(၁)မှ ဦးပယ်စောက်ချိန်(ခ) ဘေစော်ချိန်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးပယ်စောက်ချိန်(ခ) ဘေစော်ချိန် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးယောဘ၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုင်းဆတ် မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးယောဘ ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံသည် လူမှုရေးကိစ္စရှိပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃) ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ် ခွင့်ပြုပါရန် ဦးစိုင်းလုံကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းလှဖေ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဟိုပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှဖေ ဖြစ်ပါတယ်။ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ထွန်းလူ 'ဝ'ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌသည် ကျန်းမာရေးစစ်ဆေးရန် ရှိပါသဖြင့်





## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစီအစဉ်(၅)အရ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ(၄) နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်တိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ (၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါ တယ်။ ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ စည်ပင်သာယာရေးဝန်ကြီး။** အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်

ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေးတက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးခွန်ထွန်းလူကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးကျောက်တယ်ချန်၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးကျောက်တယ်ချန် ဖြစ်ပါတယ်။ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေရှောက်ရင်သည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဦးဝေရှောက်ရင်ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းကျော်ဇေယျ၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ လဲချားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျဖြစ်ပါတယ်။ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းအက်စ်ကီးမိုးသည် နိုင်ငံခြားခရီးစဉ် ရှိပါသဖြင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူး





**ဦးစိုင်းဘထွန်း၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘထွန်းဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းခမ်းကျော်သည် လူမှုရေးကိစ္စဖြင့် ယခုကျင်းပသောပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းခမ်းကျော် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးသည် မိသားစုအရေးကိစ္စကြောင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃) ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစိုင်းဝင်းမြတ်ဦး ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးညီညီတင်၊ တပ်မတော်သားကိုယ်စားလှယ်။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးညီညီတင် ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ပြန်တမ်းဝင်အမှတ် (ကြည်း-၂၉၆၉၀) ဗိုလ်မှူးသန်းလွင်သည် နိုင်ငံခြားသို့တာဝန်ဖြင့် ခရီးသွားရောက်နေပါသဖြင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးသန်းလွင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဗိုလ်မှူးအောင်နိုင်ထွန်း၊ တပ်မတော်သား ကိုယ်စားလှယ်။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးအောင်နိုင်ထွန်း ဖြစ်ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ပြန်တမ်းဝင်အမှတ် (ကြည်း-၃၀၀၈၉) ဗိုလ်မှူးဇော်လင်းထွေးသည် သင်တန်းတက်နေပါသဖြင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးဇော်လင်းထွေးကိုယ်စား လေးစားစွာဖြင့်ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။





အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဒေါ်နန်းအက်စ်ကီးမိုးကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဦးစိုင်းမောင်ကြီး၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး ဖြစ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောလုံသည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးစောလုံကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထူးကိုကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌသည် ကျန်းမာရေးမကောင်းပါသဖြင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဦးထူးကိုကိုကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

### ဗိုလ်ကြီးမင်းထွန်းနိုင်၊ တပ်မတော်သားကိုယ်စားလှယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးမင်းထွန်းနိုင် ဖြစ်ပါတယ်။တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ပြန်တမ်းဝင်အမှတ် (ကြည်း-၃၀၆၄၄) ဗိုလ်ကြီး မိုးခိုင်သည် နုတ်ထွက်ခွင့်ကြောင့် ယခုကျင်းပသောပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်းအဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီးမိုးခိုင် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

### ဗိုလ်မှူးရဲမြတ်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီး/ဗိုလ်မှူး ရဲမြတ်ထွန်း ဖြစ်ပါတယ်။တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ ပြန်တမ်းဝင်အမှတ် (ကြည်း-၃၅၉၃၆) ဗိုလ်မှူး ရည်မွန်သည် သင်တန်းတက်ရောက်နေသောကြောင့် ယခုကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေးတွင် အစည်း အဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့မှ (၅-၁၁-၂၀၁၃) ရက်နေ့အထိ (၂)ရက် ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်မှူးရည်မွန် ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြား အပ်ပါတယ် ခင်ဗျား။

### ဗိုလ်ကြီးဖြိုးမောင်၊ တပ်မတော်သားကိုယ်စားလှယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဗိုလ်ကြီးဖြိုးမောင် ဖြစ်ပါတယ်။တပ်မတော်သား ကိုယ်စားလှယ်ဖြစ်သူ





အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။
**[သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

### ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၇) ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း ဖြစ်ပါတယ်။ အစီအစဉ် အရရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

### ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီးချုပ်။

အားလုံးမင်္ဂလာပါခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ကို ကြွရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ တက်ရောက် လာကြတဲ့ ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ရှမ်းပြည်နယ် အစိုးရ အဖွဲ့ကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူဦးရေရဲ့(၇၀)ရာခိုင်နှုန်းဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ ပြည်သူတွေရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့ လယ်ယာသားငါးကဏ္ဍကို အများဆုံး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျေးလက်ဒေသ ကုန်ထုတ် လုပ်ငန်းများ တိုးတက်လာမှုဟာ တိုင်းပြည်ရဲ့ စီးပွားရေး တိုးတက် လာမှုများ အဓိက အရေးပါပြီး ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျော့ချရေးကိုလည်း လျော့ကျစေနိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူတွေ ဆင်းရဲမှုလျော့ချရေး၊ ပညာရည်မြင့်မားရေး၊ အမျိုးသမီးများ လုပ်ပိုင်ခွင့်ပိုမိုရရှိရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ထောင်စုနှစ်တိုးတက်ဖွံ့ဖြိုးရေး ရည်မှန်း ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ နေရာမှာ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးနှင့် သောက်သုံးရေ ရရှိရေးဟာ အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။

ဒါကြောင့် ဒီလိုလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်စေနိုင်ဖို့အတွက်ကို နိုင်ငံတော်သမ္မတ ရဲ့လမ်းညွှန်ချက် အရ ကျေးလက်ဒေသ လျှပ်စစ်မီးနှင့် သောက်သုံးရေ ရရှိရေး ကော်မတီကို ဒုတိယသမ္မတနှင့် ဥက္ကဋ္ဌ တာဝန်ယူပြီး ပြီးခဲ့တဲ့ စက်တင်ဘာလ တတိယပတ်အတွင်းမှာ ဖွဲ့စည်းဆောင်ရွက်ပေး ခဲ့ပါတယ်။ ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များမှာ မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်ခြင်း၊ ဒီဇယ်အင်ဂျင်စက်တွေ၊ အသေးစား ရေအား လျှပ်စစ်လုပ်ငန်းတွေ ဇီဝလောင်စာသုံး မီးစက်တွေ တည်ထောင် ပေးခြင်းနှင့် ဆိုလာစနစ်ကို အသုံးပြုခြင်းနှင့် ကျေးလက်တွေမှာ မီးလင်းရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသမီးလင်းရေး၊ သောက်သုံးရေ ရရှိရေးကော်မတီမှာတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့



D/real(wide) (8



ပြန်တမ်းဝင် အမှတ် (ကြည်း-၅၃၆၄၀) ဗိုလ်ကြီးကျော်ညီညီသော်သည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေပါသဖြင့် ယခုကျင်းပသော ပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေးတွင် အစည်း အဝေး တက်ရောက်ခြင်းအား (၄-၁၁-၂၀၁၃)ရက်နေ့ မှ (၅-၁၁-၂၀၁၃)ရက်နေ့အထိ (၂)ရက်ကင်းလွတ်ခွင့်ပြုပါရန် ဗိုလ်ကြီး ကျော်ညီညီသော် ကိုယ်စားလေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ခွင့်ပန်ကြားဖို့ ကျန်ရှိပါသေးသလားခင်ဗျား။ ဆက်လက်ပြီးတော့ ကိုယ်စားလှယ်များရဲ့ ခွင့်ပန် ကြားချက်များကို လွှတ်တော်ရဲ့ သဘောတူညီချက် ရယူပါမယ်။ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါ သလားခင်ဗျား။ [ **သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြု ကြောင်းကြေညာပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေး (၁/၂၀၁၃) ပထမနေ့ကို တက်ရောက်ခွင့်ရှိသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၁၆)ဦး ရှိပြီးခွင့်မဲ့ပျက်ကွက်မရှိပါ။

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ) နည်းဥပဒေခွဲငယ် (၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေ အနေကို ပြည်နယ်လွှတ်တော် သို့တင်ပြပါမယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ပထမနေ့ တက်ရောက်မှု

ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် ဥက္ကဋ္ဌအနေနှင့် တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မဟာဓါတ်အားလိုင်း စနစ်ကနေ လျှပ်စစ်ဓါတ်အား ထောက်ပံ့ပေးခြင်းဟာ အကောင်းဆုံး ဖြစ်တဲ့အတွက် နိုင်ငံတော်က မဟာဓါတ်အားလိုင်းတွေ တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓါတ်အားတွေ ပိုမိုဖြန့်ဖြူးနိုင်ဖို့ အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

တချို့ဒေသတွေမှာ အဆင်ပြေသော်လည်း ပထဝီအနေအထားတွေအရ တစ်ချို့နေရာတွေမှာ ကုန်ကျစရိတ်များပြားပြီး တည်ဆောက်မှုကာလကလည်း ကြာမြင့်တဲ့အတွက် မဟာဓါတ်အားလိုင်းကနေ ထုတ်ယူသုံးစွဲဖို့ အခက်အခဲရှိတဲ့ ဒေသတွေမှာ မဟာဓါတ်အားလိုင်းပြင်ပ (Off Grid) စွမ်းအင်အရင်းအမြစ် အဖြစ် ဒီဇယ်အသုံးပြု၍ လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုကို ဖြေရှင်းနေရသောကြောင့် ကုန်ကျစရိတ်ကြီးမားပြီး စီးပွားရေးအရ တွက်ခြေကိုက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ သွားလာရန် ခက်ခဲသောဒေသများအတွက် ဒီဇယ်ဆီ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှုတို့တွင်လည်း အခက်အခဲများ တွေ့ရှိရပါတယ်။

ကျေးလက်ဒေသများတွင် မီးထွန်းခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ တယ်လီဖုန်း စသည်ဖြင့် ဆက်သွယ်ရေးပစ္စည်းများသုံးခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လက်ရှိအသုံးပြုနေသော ဖယောင်းတိုင်၊ ရေနံဆီ၊ ဘက်ထရီ၊ ဒီဇယ်အင်ဂျင်များအစား ပြန်ပြည့်မြဲစွမ်း အင်အရင်းအမြစ်များဖြစ်သည့် အငယ်စားနှင့် အသေးစား ရေအားလျှပ်စစ်၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ဇီဝဓါတ်ငွေ့နှင့် ကျေးရွာအဆင့်



D/real(wide) (9



အသေးစား ဓါတ်အားလိုင်း စနစ်များထူထောင်နိုင်ပါက အကောင်းဆုံးဖြစ်ပြီး ဒေသ၏ အခြေအနေပေါ် မူတည်ပြီး လုပ်ငန်းပုံစံ Business Model ကို ရွေးချယ်ပြီး ကျေးရွာများတွင် ကျေးလက်မီးလင်းရေး ကော်မတီကို ဖွဲ့စည်းသွားရပါမယ်။ ဆိုလာစနစ်အရ အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး LED 5W မီး(၃)လုံး ထွန်းနိုင်ရန် လက်ကိုင်ဖုန်းအားသွင်းနိုင်ရန်၊ ရုပ်မြင်သံကြားဖွင့်နိုင်ရန်နှင့် ကျေးရွာလမ်း မီးပေးရန်တို့အတွက် လိုအပ်သော လျှပ်စစ်ဓါတ်အားများ ဆိုလာစနစ်ဖြင့် ထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရမှ လိုအပ်သော စွမ်းအင်မူဝါဒများ၊ ရန်ပုံငွေနှင့် နည်းပညာ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။

ပြန်ပြည့်မြဲစွမ်းအင်သုံး ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုစီမှ စံပြအနေဖြင့် အကောင်အထည်ဖေါ် ဆောင်ရွက်မည့် ကျေးရွာ(၁၀၀)စီကို ပထမဦးစွာ ရွေးချယ်သွားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ရွေးချယ်ရာတွင် ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ကျောင်းနေအရွယ်ကျောင်းသားအရေအတွက်၊ ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်သည့် အထောက်အပံ့များ၊ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ကျေးရွာ/ရပ်ရွာလူထုမှ ကိုယ်ပိုင်အသိစိတ်ဓါတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်မှု စသည့်အချက်များပေါ် မူတည်ပြီး ရွေးချယ်သွားမှာဖြစ်ပါတယ်။ မိမိကျေးရွာကိုကောင်းအောင်မိမိ ကိုယ်တိုင် ပါဝင်ကြိုးစားလိုစိတ်ကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်ဘတ်ဂျတ်ကဏ္ဍမှလည်း ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အတွင်း မဟာ ဓါတ်အားလိုင်းမှ ကျေးရွာပေါင်း(၃၉၃)ရွာအား လျှပ်စစ်မီးပေးနိုင်ရေးအတွက် ကျပ်သန်းပေါင်း(၃၃၁၃၃ ဒသမ ၇၅) လျာထားပြီး နေရောင်ခြည်စွမ်းအင်မှ ကျေးရွာပေါင်း(၈၀၇)ရွာအား လျှပ်စစ်မီးပေးနိုင်ရေးအတွက်လည်း ကျပ်သိန်းပေါင်း (၁၀၀၁၂ ဒသမ ၂၀) လျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီး၊ ဘဏ္ဍာရေး ဆိုင်ရာနှင့် ပတ်သက်၍ (၂၀၁၄-၂၀၁၅)ခုနှစ်၊ ဘဏ္ဍာငွေသုံးစွဲမှုကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အသေးစိတ် ဆက်လက် လေ့လာပြီး ဒုတိယနေ့တွင် ညှိနှိုင်းဆွေးနွေး တင်ပြပေးရန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း(၁၂၀၀)အား လျှပ်စစ်မီးပေးနိုင်ရေးအတွက် ကျပ်သန်းပေါင်း (၄၃၁၄၅ ဒသမ ၉၅) ဖြင့်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၄င်းအား ပြည်နယ်လွှတ်တော်၏ ပြည်နယ်ဘတ်ဂျက်အပေါ်တွင် ပါဝင်စီမံ ဆောင်ရွက်ခွင့်များ တစ်နှစ်ထက် တစ်နှစ်ပို၍ ရရှိလာသောအနေအထားဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အလေးအနက်ထားပြီး ပူးပေါင်းပါဝင် အကြံပြုဆောင်ရွက် ပေးနိုင်ရန် ထပ်မံ တိုက်တွန်းလိုပါတယ်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အိမ်ထောင်စု တစ်စု၊ ကျေးရွာတစ်ရွာမီးလင်းရေး ဆောင်ရွက်ပေးနိုင်သည့်အပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရန်အတွက် ကျေးလက်နေပြည်သူများ၏ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးသည်လည်း အရေးကြီးပါတယ်။ သောက်သုံးရေ ရရှိရေးအတွက် ရေတွင်း၊ ရေကန်များ တူးဖော်ခြင်း၊ ဆယ်တင်ခြင်း၊



D/real(wide) (1



အသေးစား ဓါတ်အားလိုင်းများ ပြောင်းလဲသုံးစွဲပြီး လျှပ်စစ်စွမ်းအင်ထုတ်ယူရေးကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အဆိုပါ အရင်းအမြစ်များမှ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရန်အတွက် နေအိမ် တစ်လုံးချင်း အိမ်သုံးဆိုလာစနစ်၊ ဆိုလာလျှပ်စစ်ဓါတ်အား ဗဟိုဖြန့်ဝေပေးသည့်စနစ်၊ ဆိုလာမီးအိမ်အားသွင်းမှု စနစ်၊ အသေးစားရေအားလျှပ်စစ် (3KW, 80KW) ထုတ်လုပ်ဖြန့်ချီသော အသေးစားကျေးရွာလျှပ်စစ် ကွန်ယက်စနစ်၊ ဇီဝဓါတ်ငွေ့ဖြင့် လျှပ်စစ်မီးအသုံးပြုသည့် စနစ်များကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ထိုလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့်ရေရှည်တည်တံ့ ခိုင်မြဲစေရေးမှာ (၁) သုံးစွဲသူပြည်သူလူထု၏တပ်ဆင်သုံးစွဲမှု အတွက် စရိတ်စကတတ်နိုင်မှု၊ (၂) လျှပ်စစ်ထုတ်လုပ်သူ၏ လုပ်ငန်းငွေကြေး တတ်နိုင်မှု၊ (၃) နိုင်ငံတော် (သို့မဟုတ်) ဒေသဆိုင်ရာ အစိုးရအဖွဲ့၏ လျှပ်စစ်သုံးစွဲမှု စဉ်ဆက်မပြတ်တိုးတက်စေရေး လိုအပ်သည့် ဘဏ္ဍာငွေ တတ်နိုင်မှုအပေါ်တွင်မူတည်လျက်ရှိပါသည်။

ပြန်ပြည့်မြဲစွမ်းအင်များသည် လုပ်ငန်းလည်ပတ်မှုအတွက်ကုန်ကျစရိတ် နည်းပါးသော်လည်း ရင်းနှီး မြှုပ်နှံမှုများအတွက်ကုန်ကျစရိတ်ကြီးမားပါတယ်။ ဒီကုန်ကျစရိတ် ကြီးမားမှု အားလျှော့ချနိုင်မည့် ထောက်ပံ့မှု အစီအစဉ်များနှင့် ဘဏ္ဍာငွေ အကူအညီများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ INGOs နှင့် NGOs များထံမှ ရယူရန်လည်းလိုအပ်လျက်ရှိပါတယ်။ Public Private Partnership(PPP) စနစ်ဖြင့်ရင်းနှီးမြှုပ်နှံမည့်သူများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

ကျေးရွာများတွင် အသေးစား ရေအားလျှပ်စစ်၊ ဆိုလာစနစ်နှင့်ဇီဝလောင်စာသုံး မီးစက်များ ပေါင်းစပ်ထားတဲ့ ကျေးရွာသုံး

တစ်ဘက်ရပ်လျှိုပိတ်၊ မြောင်းပိတ်များ တည်ဆောက်ပေးခြင်း၊ မိုးများသည့် ဒေသများတွင် ရေကြီးမှုကာကွယ်ရန် ရေတားတမံ ဆောက်လုပ်ခြင်းနှင့် ချောင်းကောမြောင်းကောများအား ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေနှင့် သောက်သုံးရေ တွန်းတင်သည့် လုပ်ငန်းများတွင် ဒီဇယ်ရေစုပ်စက်နှင့် မီးစက်များမသုံးစွဲဘဲ လေရဟတ်သုံး ရေစုပ်စက်စနစ်နှင့် Solar PV သုံးရေစုပ်စက်စနစ်များ အသုံးပြုနိုင်ရန် လေ့လာအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရှမ်းပြည်နယ်အတွင်း မြို့(၅၀)၊ ရွာပေါင်း(၁၅၆၂)ရွာ၊ အိမ်ခြေ(၇၈၈၀၀)၊ လူဦးရေ (၃၅၃၇၈၂)အတွက် ရေရရှိရေး လုပ်ငန်းများ ဖြစ်သော တွင်းတိမ်၊ တွင်းနက်၊ လက်တူး၊ မြေသားရေကန်၊ စိမ့်စမ်းလုပ်ငန်း စုစုပေါင်း(၁၆၂၃)ခုအတွက် အသုံးစရိတ် ကျပ်သန်းပေါင်း(၂၆၈၂၄ ဒသမ ၀၄၀)အား လျာထား၍ ဆောင်ရွက်ပေး သွားမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ မြို့နယ်အသီးသီးက ကူညီအကောင်အထည် ဖော်ပေးမည့် ပြည်သူ့ကိုယ်စားလှယ်တွေဖြစ်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဦးစားပေးအစီအစဉ်၊ ဦးစားပေးကဏ္ဍ၊ ဦးစားပေးနေရာတွေ မြို့နယ်အဆင့် ကော်မတီ အသီးသီးက ဆွေးနွေးတဲ့ အစည်းအဝေးတွေမှာ အကြံပြုခြင်း၊ တိုက်တွန်းခြင်း၊ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းတွေ ဆောင်ရွက်ပေးကြပါလို့ တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုပါတယ်။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျော့ချရေး ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် ရှမ်းပြည်နယ်အတွင်း လယ်ယာမြေ





သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဖို့ လိုအပ်ပါတယ်။ မြေလွတ် မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် ရရှိသူများအနေဖြင့်လည်း စတင်ခွင့်ပြုသည့်နေ့မှ (၄)နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်သလို ဥပဒေသစ်မပြဋ္ဌာန်းမီက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူများသည် မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ် မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟု ဥပဒေပုဒ်မ ၂၂(ဂ)အရ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းရှိ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် မြေသိမ်းဆည်းမှု ပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် ဒုတိယသမ္မတ(၂)က ဦးဆောင်သော မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး နေပြည်တော် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ စသည်ဖြင့် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်အား ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ်အနေဖြင့် ထူးခြားတဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုအတွက်လည်း မြေအသုံးချမှု စီမံခန့်ခွဲမှု ကော်မတီ ဖွဲ့စည်းခွင့်ရရှိရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်ဒုတိယ သမ္မတ(၂)ထံကို တင်ပြတဲ့အခါမှာ ဒုတိယသမ္မတ(၂)အနေဖြင့် လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆောင်ရွက်

ပေးဖို့ဆိုတဲ့ ညွှန်ကြားချက်တွေလည်း ရရှိပြီးဖြစ်ပါတယ်။

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်သွားမည့် အခြေအနေဖြစ်ကြောင်း တင်ပြလိုပါတယ်။ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် ပြည်ထောင်စုလွှတ်တော် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁၊ ၂၊ ၃)ပါ မြေယာကိစ္စ(၇၄၅)တို့အနက် အပိုင်း(၁)၌ (၅၇)ခု၊ အပိုင်း(၂)၌ (၃)ခု၊ အပိုင်း(၃)၌ (၁၄)ခု၊ စုစုပေါင်း(၇၄)ခုကို ကျွန်တော်တို့ ပြည်နယ်အတွင်းမှာ ခုနကဖွဲ့စည်းထားတဲ့ မြေအသုံးချမှုစီမံခန့်ခွဲမှု ကော်မတီကနေ အဆင့်ဆင့်စိစစ် ဆောင်ရွက် ဖြေရှင်းဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်မှုကို တင်ပြလိုပါတယ်။ စည်ပင်သာယာရေး အဖွဲ့များရဲ့ လုပ်ငန်းတာဝန်များဟာ ပြည်နယ်အတွင်းမှာ ရှိသော ပြည်သူလူထု၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်ပြီး စည်ပင်သာယာရေး အဖွဲ့များမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ မြို့ပြစနစ်ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများ ဆောင်ရွက်ရတဲ့ ပြည်နယ်အစိုးရနှင့် ပြည်သူလူထုအတွက် အဓိကအရေးပါတဲ့ လုပ်ငန်း တာဝန်များ ဖြစ်ပါတယ်။

ဒါကြောင့်နိုင်ငံတော်သမ္မတကြီးမှ ပြည်သူတွေအတွက် အဓိကကျသော စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်စည်ပင်သာယာရေး ဥပဒေများကို အချက်အလက်များ ပြည့်စုံစေရေး၊ ပြည်သူလူထု၏ အကျိုးစီးပွား





လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းအား ဆောင်ရွက်မှုကို တင်ပြလိုပါတယ်။ ပြည်နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု (၇၇၆၂)၊ ကွင်းအကွက်ပေါင်း(၃၆၀၉)၊ တောင်သူပေါင်း(၂၀၀၈၆၀)၊ ဦးပိုင်လုပ်ကွက်ပေါင်း (၂၃၉၇၅၅)ကွက်ဖြစ်ပြီး (၃၁-၁၀-၂၀၁၃) ရက်နေ့ထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ထုတ်ပေးပြီး ဦးပိုင်လုပ်ကွက်ပေါင်းသည် (၂၅၂၂၃၃)ဆောင်ရွက်ပြီး ဖြစ်သည့် အတွက် ရှမ်းပြည်နယ်မှာ လုပ်ငန်းပမာဏ၏ (၁၀၅ ဒသမ ၂၀) ရာခိုင်နှုန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် ကျင့်သုံးခဲ့သော မြေယာဥပဒေများသည် ခေတ်စနစ်နှင့် ကိုက်ညီမှု မရှိတော့သဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ လယ်ယာမြေဥပဒေ မြေလွတ် မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံး အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် အတွက်လည်း လယ်ယာမြေ စီမံခန့်ခွဲမှု အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါသည်။ လယ်ယာမြေ ဥပဒေပုဒ်မ(၉)အရ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူသည် မိမိလုပ်ပိုင်ခွင့်ရ လယ်မြေကိုရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များ ရရှိမှာဖြစ်သလို ပုဒ်မ(၁၃)အရ အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင်လည်း တရားဝင်ဖြေရှင်း ဆောင်ရွက်ခွင့် ရရှိမှာဖြစ်ပါတယ်။

ဥပဒေပုဒ်မ(၂၆)အရ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ လယ်ယာမြေကို သိမ်းယူခြင်းခံရလျှင် နစ်နာကြေးနှင့် လျော်ကြေးများ ခံစားရရှိနိုင်ခြင်း၊ ဥပဒေပုဒ်မ(၃၀)အရ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားနိုင်ခြင်း စသည့် အခွင့်အရေးများခံစားရရှိ နိုင်မှာဖြစ်သလို ဥပဒေပုဒ်မ (၁၂)အရ

ဖွံ့ဖြိုး တိုးတက်ဖို့အတွက် စည်ပင်သာယာရေးဌာနများမှ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ကိုက်ညီရေး၊ ပြည်သူတွေရဲ့ သဘောထားကို လေးစားလိုက်နာပြီး ပြည်သူ့ဆန္ဒ နှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများ အောင်မြင်အောင် ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တို့ကို မှာကြားခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာဆိုလျှင်လည်း ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ ရှမ်းပြည်နယ်စည်ပင် သာယာရေးဝန်ကြီး ကတိကဝတ်ပြုခြင်း အခမ်းအနား ဒါတွေကိုဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင် သာယာရေး ဥပဒေကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သတ္တမပုံမှန် အစည်းအဝေးမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အတည်ပြုပြီးဖြစ်လို့ ဥပဒေနှင့်အညီ ယခင် ကာလများထက် စည်ပင်သာယာရေးလုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်စွာဖြစ်အောင် ထင်သာမြင်သာဖြစ်စွာ ဆောင်ရွက် နိုင်တော့မှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေနှင့်အညီ စည်ပင်သာယာရေး လုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ မှန်ကန်သည့် မူဝါဒလမ်းညွှန်ချက် များချမှတ်နိုင်ရေး တို့အတွက် ပြည်နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းနိုင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့် အညီ ဆောင်ရွက်သွားနိုင်ရေး ကြီးကြပ်သွားမှာ ဖြစ်ပါတယ်။ ပြည်သူက ရွေးချယ်ထားသော ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ကော်မတီဝင်များ၏ စုပေါင်း ဆွေးနွေး အတည်ပြုဆုံးဖြတ်သည့်စနစ် (Committee Voice)နှင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။





(ခ) အစိုးရဌာနဆိုင်ရာ အသီးသီးနှင့် ဌာနဆိုင်ရာ အကြီးအမှူးများသို့ ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာများ။

(ဂ) ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဘဏ္ဍာရေးတို့နှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံတော်၏မူများနှင့် ဆောင်ရွက်မှုများ ဖြစ်ပါတယ်။

ဒီအချက်(၃)ချက်ကိုတော့ ကော်မတီအသီးသီးက အသေးစိတ် သိရှိအောင်လေ့လာပြီး ထိန်းကျောင်း ဆောင်ရွက် သွားဖို့ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြည်သူများ ပူးပေါင်းပါဝင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်နေသော ပြည်သူဗဟိုပြု အုပ်ချုပ်မှုစနစ်သစ်ကို အကောင်အထည် ဖော်ဆောင်ရွက်နေတဲ့ အချိန်ကာလမှာ ကျွန်တော်ဒီနေ့ ပြည်နယ်လွှတ်တော်ကို တင်ပြတဲ့အချက်(၄)ချက်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် ပြန်ကောက်နုတ်ရမည်ဆိုလျှင် (၁) ကျေးရွာတွေမှာ လျှပ်စစ်မီးလင်း ရေးကိစ္စ (၂) ကျေးရွာတွေမှာ သန့်ရှင်းသော သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေးကိစ္စ၊ (၃) ပြည်သူထုထုတွေ ကျေးရွာမှာနေထိုင်တဲ့ တောင်သူတွေ၊ လယ်ယာမြေ လုပ်ကိုင်ခွင့် လက်မှတ်ရရှိရေး ဆောင်ရွက်ခဲ့မှု ကိစ္စ (၄) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်တွေ ရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြတဲ့ အချက်တွေပေါ်မှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒကို ဦးစားပေး၍ ထိရောက်စွာ အကောင်အထည်ဖော်

ဆောင်ရွက်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်တတ်ရန်လိုအပ်ပြီး၊ လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များမရှိအောင်လည်း တားဆီးထိန်းသိမ်းဆောင်ရွက်သွားရန်လည်း လိုအပ်ပါတယ်။

ဒေသအလိုက် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် အလေးထား ဆောင်ရွက်သွားကြရန်လည်း လိုအပ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မျှော်မှန်းထားတဲ့ အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးနှင့် ရှမ်းပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် လွှတ်တော်၊ အစိုးရ၊ ပြည်သူများနှင့် ပြည်သူ့ဝန်ဆောင်မှု မီဒီယာများပါပူးပေါင်းပါဝင် ပေါင်းစပ်ညှိနှိုင်း ၍ ကြိုးစားအောင်မြင်အောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း ပြောကြားနိဂုံးချုပ်အပ်ပါတယ်။အားလုံးကျေးဇူးတင်ပါတယ်။

## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကိုမှတ်တမ်းတင်ခြင်း။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့မှာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ(၃၈)၊ ပုဒ်မခွဲ(ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။





ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်သည် အခြေခံကျပြီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့မိမြို့ဖများ ပါဝင်ဖွဲ့စည်းထားသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီများသည် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ရာတွင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းညှိနှိုင်း၍ မြို့နယ်အတွက် ဦးစားပေး လုပ်ငန်းများ ညှိနှိုင်း ဆွေးနွေးနိုင်အောင် ဆောင်ရွက်ထားခြင်းပဲ ဖြစ်ပါတယ်။

ဒါမှလည်း အစုအဖွဲ့ အင်အားတွေ အားကောင်းလာပြီး ပုဂ္ဂလိကကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း အကျိုးပြုရာရောက်မှာဖြစ်ပါတယ်။ မြို့နယ်ကော်မတီ အသီးသီးအနေဖြင့် အစည်းအဝေးများ ကျင်းပရာတွင် ပြည်သူများ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ပြည်သူတို့၏ လူမှုစီးပွား လိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားအခြေခံ အဆောက်အအုံ လိုအပ်ချက်များနှင့် ဦးစားပေးအဆင့်များ ရွေးချယ်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လွှတ်တော်များသို့ အဆင့်ဆင့် တင်ပြသင့်သည်များကို တင်ပြခြင်း၊ ဘဏ္ဍာငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အလားအလာအပေါ် ရွေးချယ်ညှိနှိုင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ရာမှာ အောက်ပါအချက်တို့ကို ထိခိုက်မှု မရှိစေရန် အလေးထားလိုက်နာရန် လိုအပ်မှာ ဖြစ်ပါတယ်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊အမိန့်ညွှန်ကြားချက်များ။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့ဝင်များက ဖြေကြားခြင်း-

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့ဝင်များက ဖြေကြားခြင်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်မှာ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာပြည်နယ် အဖွဲ့ဝင်များမှ တာဝန်ရှိပုဂ္ဂိုလ်များမှ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စိုးနိုင်က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုးနိုင်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင်ဖြစ်ပါတယ်။





**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနိုင် မေးမြန်းထားတဲ့ ဗထူးတပ်နယ် ကန်တော်မင်ဇရိယာအတွင်း ဝင်ရောက်လုပ်ကိုင်နေသော တောင်သူများနစ်နာနိုင်မှုများ ကြုံတွေ့ရနိုင်ပါသဖြင့် နိုင်ငံတော်အစိုးရမှ ၄င်းတောင်သူများ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက် စီမံချက်ကာလအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ကို မည်သို့လုပ်ကိုင်ဆောင်ရွက်ပေးသွားမည် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဗထူးတပ်မြို့ ကန်တော်မင်ဇရိယာသည် ကာကွယ်ရေးဌာန စစ်မြေပြင်နှင့် အဆောက်အဦဌာန၏ (၂-၄-၁၉၆၂)ခုနှစ် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၆၂အရ တပ်မြို့အဖြစ် သတ်မှတ်ထားသောမြေဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ(၄မှ၈)တို့တွင် လယ်ယာမြေကိုအသုံးပြုခွင့် ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန်လျှောက်ထားရမည်။ လျှောက်ထားသည့် လျှောက်လွှာများကို စိစစ်ပြီး၍ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားရာတွင် ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောအတွင်း ကျူးလွန် စိုက်ပျိုးလုပ်ကိုင်သူများ သတ္တုတွင်းမြေ၊ ကျွဲနွားစားကျက်မြေ၊ မီးရထားမြေ၊ လမ်းမြေ၊ ဆည်မြောင်းမြေတာတမံမြေ၊ မြစ်ချောင်းနှင့် ရေအောက်မြေ၊ စက်ရုံမြေ၊ မြို့တွင်းလူနေထိုင်သည့်မြေ၊ သာသနာသုသာန်နှင့်

အဆောက်အဦမြေ၊ ရွာမြေ၊ လေယာဉ်ပျံကွင်းမြေများပေါ်တွင် ကျူးလွန်စိုက်ပျိုးသူများ လျှောက်ထားခြင်း မပါဝင်စေရေး စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဗထူးတပ်မြို့ ကန်တော်မင် ဧရိယာသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရာတွင် ပါဝင်ခြင်း မရှိသော မြေအမျိုးအစားဖြစ်သဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့် ထုတ်ပေးနိုင်ခြင်းမရှိ သေးပါကြောင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်မှသာလျှင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်များ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းနုက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ မြို့နယ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ကျန်းမာရေး၊ ပညာရေးဆိုင်ရာများနှင့် ပတ်သက်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်နှင့် ကာလိမြို့နယ်ခွဲတွင် လူဦးရေသုံးသောင်းကျော် နေထိုင်လျက်ရှိပြီး ယင်းတို့၏ ကျန်းမာရေးအား စောင့်ရှောက်ပေးရန် ဆေးရုံတစ်ခုစီ ရှိပါသည်။ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်ပေးရန် ကွန်ဟိန်းမြို့နယ်၌ ဖွဲ့စည်းပုံအရ ဆရာဝန်(၄)ဦး ရှိရမည်ဖြစ်သော်လည်း ယခုအချိန်မှာ မြို့နယ်ဆရာဝန်တစ်ဦးသာ ရှိပါသည်။ လက်ထောက်မြို့နယ်



D/real(wide) (1



ကျွန်တော်က ဗထူးတပ်နယ် ကန်တော်မင်ဧရိယာအတွင်း ဝင်ရောက်လုပ်ကိုင်နေသော တောင်သူများ နစ်နာနိုင်ခြေများ ကြုံတွေ့ရနိုင်ပါသဖြင့် နိုင်ငံတော်အစိုးရမှ ၎င်းတောင်သူများအတွက် ၂၀၁၄ခုနှစ်၊ မတ်လ(၃၁)ရက် စီမံချက်ကာလအတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ကိုမည်သို့ လုပ်ကိုင်ဆောင်ရွက် ပေးသွားမည်နှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်စောက်မြို့နယ်၊ ဗထူးတပ်နယ် ကန်တော်မင် ဧရိယာအတွင်းမှာ လုပ်ကိုင်စားသောက်နေသော တောင်သူလယ်သမားများသည် မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံတော်မှ ဆောင်ရွက်လုပ်ကိုင်ပေးနေတဲ့ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ်ကို ရယူလိုကြပါတယ်။

သို့သော်လည်း ၎င်းတို့စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော မြေများမှာ ဗထူးတပ်နယ်ရဲ့ ကန်တော်မင် ဧရိယာအတွင်း ကျရောက်နေပါတယ်။ ၎င်းဧရိယာအတွင်းရှိ တောင်သူများ ဦးရေနှင့် မြေဧရိယာအကျယ်အဝန်း ဖြစ်စဉ်များအားလုံးကို လွှတ်တော်သို့ ပေးပို့ထားသော ကြယ်ပွင့်ပြမေးခွန်းမှာ အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တင်ပြထားသော ဗထူးတပ်နယ် ကန်တော်မင်ဧရိယာအတွင်းရှိ တောင်သူများရဲ့လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ကို မည်သည့်အချိန်တွင် မည်ကဲ့သို့ ဆောင်ရွက် ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဆရာဝန်၊ သွားဖက်ဆိုင်ရာ ဆရာဝန် များခန့်ထားပေးသော်လည်း လာရောက်တာဝန် ထမ်းဆောင်ခြင်းမရှိပါ။ ကာလိမြို့နယ်ခွဲတွင်လည်း ဆရာဝန် မရှိပါ။

ယခုလက်ရှိတွင် မြို့နယ်ဆရာဝန်တစ်ဦးတည်းသာ ရှိသဖြင့် သာမန်အချိန်တွင် အကြောင်းမဟုတ် သော်လည်း လူနာများပြားချိန်တွင်လည်းကောင်း၊ ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စများဖြင့် မြို့နယ်ဆရာဝန် ခရီးသွားလာရချိန်တွင် များစွာအခက်အခဲရှိပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ယခင်ကလည်းတင်ပြထားပြီးဖြစ်ပါသည်။ ထို့အပြင်ကျွန်တော်တို့ ကွန်ဟိန်းမြို့ရှိ အထက ကျောင်းတွင် အထက်တန်းပြ ဆရာ(၈)ဦးရှိရမည် ဖြစ်သော်လည်း ပြောင်းရွှေ့သွားသော ဆရာ(၃)ဦးအစားထိုး ပြန်မရသေးပါသဖြင့် (၅)ဦးဖြင့်သာ မနိုင်မနင်း သင်ကြားနေရ ပါသည်။

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်တွင် ဆရာပြည့်စုံမှုမရှိပါက များစွာနစ်နာပါသည်။ ပညာရေးဝန်ထမ်းများအား ပြောင်းရွှေ့စေရာတွင် စာသင်ချိန်မပျက်စေရေးအတွက် အရွှေ့အပြောင်းကိစ္စများကို ကျောင်းဖွင့်ချိန်ကာလတွင် ပြုလုပ်မည့်အစား ကျောင်းပိတ်ချိန်ကာလများတွင် ပြုလုပ်မည်ဆိုပါက ပိုသင့်တော်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကျွန်တော်တို့မြို့နယ်တွင် ကြုံတွေ့ နေရသော ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စောင့်ရှောက်မှုများနှင့် ပတ်သက်ပြီး မည်ကဲ့သို့ စိစစ်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ယခုကဲ့သို့တင်ပြရခြင်း ဖြစ်ပါသည်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။





၃မသ/(က)၂၀၁၃ /၁-၁၅၀ဖြင့် မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်း တိုက်နယ်ဆေးရုံမှ တိုက်နယ် ဆရာဝန် ဒေါက်တာသက်ခိုင် ဆမ၂၂၁၃၅ အား ကာလိမြို့နယ်ခွဲ ဆေးရုံသို့ တိုက်နယ်ဆရာဝန် အဖြစ် ပြောင်းရွှေ့တာဝန် ချထားပေးပြီး ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ် ဆေးရုံတွင် အသုံးပြုရန်ဆေးဝါး (၁၄၃)မျိုးအား ဆေးတင်ဒါ အောင်မြင် သောကုမ္ပဏီ(၇)ခုမှ ၂၀၁၃ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် စတင်၍စာချုပ်ချုပ်ဆိုပြီး ကွန်ဟိန်းမြို့နယ် ဆေးရုံသို့ ဆေးဝါးများ အခမဲ့ဖြန့်ဖြူးပေးလျက်ရှိပါကြောင်းနှင့် ကာလိတိုက်နယ်ဆေးရုံ အပါအဝင် ကျေးလက်ကျန်းမာရေး ဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများတွင် အသုံးပြုရန်ဆေးဝါးများ အခမဲ့ဖြန့်ဖြူးပေး လျက်ရှိပါကြောင်းနှင့် ကာလိတိုက်နယ်ဆေးရုံ အပါအဝင် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အသုံးပြုရန် ဆေးဝါးများအား တင်ဒါခေါ်ယူ၍ တင်ဒါအောင်မြင်သော ဆေးကုမ္ပဏီ (၆)ခုနှင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့မှ စာချုပ်ချုပ်ပြီး ဆေးများစတင် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပညာရေးကဏ္ဍအနေနှင့် ကွန်ဟိန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းပြ(၇)ဦး၊ အထက်တန်းပြကာယ(၁)ဦး ခွဲဝေထားရှိရာ အထက်တန်းပြ(၅)ဦး အထက်တန်းပြကာယ (၁)ဦးခန့်ထားပြီး အထက်တန်းပြ(၂)ဦး လစ်လပ်လျက်ရှိပါတယ်။ အထက်တန်းပြအဖြစ် ခန့်ထားသူ(၅)ဦး အနက် ဝိဇ္ဇာဘာသာ(၂)ဦး သိပ္ပံဘာသာ(၃)ဦး ရှိပါတယ်။ အထက်တန်းအဆင့် ကျောင်းသားဦးရေ(၁၃၇)ဦးရှိပြီး ဆရာကျောင်းသားအချိုး ၁း၂၇ရှိ၍သင်ကြားရေးအတွက် သင့်တင့်မျှတမှုရှိပါတယ်။ လစ်လပ်လျက်ရှိသော အထက်တန်းပြ ရာထူးနေရာအတွက် ဇီဝနှင့်အင်္ဂလိပ်ဘာသာ ဖြည့်စွက်ခန့်ထား

ပေးနိုင်ပါရန် အမှတ်(၂)အခြေခံ ပညာ၊ မန္တလေးသို့တင်ပြထားပြီး အမြန်ဖြည့်စွက်ခန့်ထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီးတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်ဇင်ဦးမှ ပထမ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။**

အားလုံးဘဲ မင်္ဂလာပါခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦးဖြစ်ပါတယ်။ ပထမမေးခွန်း အနေနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ် အတွင်းရှိ ခတ်ခုံ-ငို့စင်လမ်းအား ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်း(၂)မိုင် ခွင့်ပြုခဲ့ပါသည်။

ထိုသို့ခွင့်ပြုခဲ့ရာတွင် တင်ဒါစနစ်အရ ဂရိတ်ဖိုက်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ဖောက်လုပ်ရာတွင် သတ်မှတ်ထားသော ကျောက်များ ဖြစ်သည့် (၆" × ၉") (၂" × ၄") နှင့် (၁" × ၂") ကျောက်များစုဆောင်း ရမည်ဟု လေ့လာသိရှိရပါသည်။ သို့သော်ကုမ္ပဏီများမှ (၆" × ၉") ကျောက် အနည်းငယ်စုပုံထားပြီး (၂" × ၄") ကျောက်ခွဲသားများ စုပုံကာ (၂" × ၄")ကျောက်ခင်း၍ မြေနီရောကာ ခင်းခဲ့သည်ကို တွေ့ရှိရပါသည်။

၄င်းလမ်းသည် အကျယ်(၁၂)ပေ (၁၆)လက်မ အမြင့်ဟုဆိုသော်လည်း ကျောက် (၆" × ၉")(၁)ထပ်နှင့် မြေနီရောင်ရောခင်းကာ ပြီးစီးကြောင်းတင်ပြသည်ဟု သိရှိရပါသည်။ တစ်ချို့နေရာများတွင် ကျောက်စရစ် အနည်းငယ်ခင်းသွားကြောင်း တွေ့ရှိရ



D/real(wide) (1



**ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။** လေးစား အပ်ပါသော လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနု၏ ကွန်ဟိန်းမြို့နယ်တွင် ကြုံတွေ့နေရသည့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စောင့်ရှောက်မှုများနှင့် ပတ်သက်ပြီး မည်ကဲ့သို့စီစဉ်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသော မေးခွန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ကွန်ဟိန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတစ်ဦးတည်းသာ ရှိသဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများတွင် အဆင်ပြေစေရန်အတွက် လိုအပ်သော လက်ထောက်ဆရာဝန် (၁)ဦး ခန့်ထားပေးနိုင်ပါရန် တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရဲ့ ၂၀၁၂-၂၀၁၃ စက်တင်ဘာလ ၄ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၃/၄/စရဝ(၂၆၁၀)ဖြင့် ကျန်းမာရေးဦးစီးဌာန နေပြည်တော်သို့ တင်ပြထားပြီး ဖြစ်ပါသည်။

ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့နယ်ခွဲ ဆေးရုံတွင် ဆရာဝန်(၁)ဦး ခန့်ထားပေးနိုင်ပါရန် တောင်ကြီးမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာနရဲ့ ၂၀၁၃ ဧပြီလ ၂၃ ရက်နေ့ ရက်စွဲပါစာအမှတ် ၃/၄/ စရဝ(၃၄၃)ဖြင့် ကျန်းမာရေး ဦးစီးဌာန နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါသည်။ ကာလိမြို့နယ်ခွဲ ဆရာဝန်ခန့်ထားခြင်း မပြုမီကာလအတွင်း လွိုင်လင်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် (၁)ဦးအား ၂၀၁၃ ခုနှစ် အောက်တိုဘာလမှ စ၍အလှည့်ကျ စေလွှတ်တာဝန် ထမ်းဆောင်ရန် စီစဉ်ဆောင်ရွက် ပေးထားပြီးဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနရဲ့ ၂၀၁၃ အောက်တိုဘာလ ၁၀ ရက် ရက်စွဲပါစာအမှတ်

ပါသည်။ (၂)မိုင်အတွက် ကျောက်ကျင်းပေါင်း (၁၀၀၀)ကျော် ကုန်ကျမည်ဟု လေ့လာသိရှိသော်လည်း ကျောက်ကျင်းပေါင်း (၇၀၀)သာ စုပုံ၍ခင်းသွားကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက် မြို့နယ်စာရင်းစစ်အဖွဲ့မှ စစ်ဆေးရာ လုပ်ငန်းတွင် လိုအပ်ချက်မရှိဟု စစ်ဆေးခဲ့သည်ဟု သိရှိရပါသည်။

၎င်းအဖွဲ့သည် အထက်အဖွဲ့အစည်းနှင့် ပိုင်သလို ပရမ်းပတာ လုပ်ဆောင်သွားပါသည်။ ၎င်းလမ်းအား သွားရောက်ကြည့်ရှုရာ

(၁) လမ်းအကျယ် (၁၂)ပေ ရှိသော်လည်း(၁၆) လက်မ အမြင့် ပြည့်မီမှုမရှိခြင်း။
(၂) လိုအပ်သောကျောက်ကျင်းအပြည့်အဝအသုံးပြု သွားမှုမရှိခြင်း။
(၃) လမ်းကြိတ်စက်အား ဟန်ပြသာသုံးသွားခြင်း။
(၄) ကျောက်လုံးများပေါ်ထွက်နေခြင်း။
(၅) လမ်းအရည်အသွေး ပြည့်မီမှုမရှိဘဲ ဖြစ်သလို လုပ်ဆောင် သွားခြင်း

များကို တွေ့ရှိရပါသည်။

ထို့အပြင် ကျောက်ဖိုးငွေများ မရှင်းဘဲထားရှိခြင်း၊ ယခုမေးခွန်း မေးချိန်တွင် တချို့တစ်ဝက်ရှင်းပြီးပြီဟု ကြားသိရသော်လည်း ကျန်ရှိနေသေးကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ၎င်းကုမ္ပဏီက ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို ကျွမ်းကျင်၍ အဂတိ ကင်းစင်သော ဘက်မလိုက်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေး၍ စစ်ဆေးချက် အခြေအပေါ်မူတည်၍ ၎င်းကုမ္ပဏီအား တည်ဆဲဥပဒေ များနှင့် အညီအရေးယူ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်မှစတင်၍ အရေးယူဆောင်ရွက်မည်ကို သိရှိ လိုပါသည်။





လုပ်ငန်းများအပေါ် ဂရိတ်ဖိုက်ကုမ္ပဏီမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သော ကျေးလက်လမ်း၊တံတား၊ ဆောက်လုပ်ခြင်းများအား ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာန၏ (၃-၅-၂၀၁၃)ရက်စွဲပါ စာအမှတ်(၇၅၉/စီမံ-၁-ကျေးလက် ၁) ဖြင့် ဖွဲ့စည်းပေးထားသော စစ်ဆေးရေးအဖွဲ့ (၉)ဖွဲ့အား ဖွဲ့စည်း၍ သက်ဆိုင်ရာဒေသအလိုက် လုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စာရင်းစစ်အဖွဲ့တို့၏ စာရင်းနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများအား ခံယူ ရရှိပါတယ်။

ဂရိတ်ဖိုက်ကုမ္ပဏီအနေဖြင့် ဆောင်ရွက်ခဲ့သော ကျေးလက်လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများအား သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်း လက်ခံခြင်းများ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တင်ပြသော ဂရိတ်ဖိုက်ကုမ္ပဏီမှ ဆောင်ရွက် ခဲ့သော ကျေးလက်လမ်းတံတား လုပ်ငန်းများနှင့် ပတ်သက်၍ကျေးလက်ဒေသဖွံ့ဖြိုးရေး တိုးတက်ရေးဦးစီးဌာနနှင့် ကုမ္ပဏီတို့ ချုပ်ဆိုခြင်း စာချုပ်အရ ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်သော လုပ်ငန်းများအား လုပ်ငန်းလွှဲပြောင်း လက်ခံပြီးသည့် နေ့မှစ၍ ကတ္တရာလမ်း ကျောက်လမ်းနှင့် တံတားများအား (၅)နှစ်အတွင်း မြေသားလမ်းအား၊ (၃)နှစ် အတွင်း ပျက်စီးယိုယွင်းမှုများ ရှိပါက လုပ်ငန်းလက်ခံသည့် ကုမ္ပဏီမှ ဆောင်ရွက်သော ကျေးလက်လမ်းတံတား လုပ်ငန်းများနှင့် ပတ်သက်သည့် ပျက်စီး ယိုယွင်းမှုများအား ဂရိတ်ဖိုက်ကုမ္ပဏီမှ တာဝန်ယူ၍ ပြန်လည်ပြုပြင်ဆောင်ရွက် စေမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားတင်ပြ အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။**

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦး၏ ဂရိတ်ဖိုက် ကုမ္ပဏီဆောင်ရွက်ခဲ့သော လုပ်ငန်းများ ကျွမ်းကျင်၍ အဂတိလိုက်စားမှုမရှိသော စစ်ဆေးရေးအဖွဲ့နှင့် စစ်ဆေး၍ စစ်ဆေးချက် အခြေခံပေါ်မူတည်၍၎င်းကုမ္ပဏီအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဂရိတ်ဖိုက်ကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော ကျေးလက်လမ်း၊ တံတား ရေပေးရေး လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ဖြည့်စွက်လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အနေဖြင့် လုပ်ငန်းလက်ခံသူ ဂရိတ်ဖိုက်ကုမ္ပဏီသို့ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်အရ လမ်းတံတားရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ဖြည့်စွက်လမ်းတံတား





**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီးတော့ ဦးသန့်ဇင်ဦးက ဒုတိယ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ(၁၀၅)၊ ပုဒ်မခွဲ(ဃ)အရ ဖြေကြားထားသော အဖြေကိုရှင်းလင်းစေရန် အလို့ငှာ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးမြန်းနိုင်သည်။ သို့ရာတွင် ယင်းမေးခွန်းသည် နည်းဥပဒေများနှင့် ဆန့်ကျင်လျှင် ဥက္ကဋ္ဌမှ ခွင့်မပြုဖို့ ပါရှိပါတယ်။

သို့သော်အခုပြည်နယ်စည်ပင်သာယာရေးဝန်ကြီးရဲ့ ဖြေကြားချက်မှာ မရှင်းလင်းတဲ့အတွက် အနည်းငယ် မေးမြန်းဖို့ ခွင့်ပြုပါ။ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ရှင်းပြတာမှန်ပါတယ်။ ကတ္တရာလမ်းဆိုလျှင် (၅)နှစ် ဖြစ်ပါတယ်။ ကျောက်ချောလမ်းလည်း (၅)နှစ်ဖြစ်ပါတယ်။ သို့သော် အခုလက်ရှိအနေအထားမှာ လမ်းဟာ ပျက်စီးပါတယ်။ အခုဆိုပျက်စီးသွားတယ်ဆိုတော့ ဒါကိုစိစစ်ရေးဖွဲ့ရေးနှင့် ကွင်းဆင်းပြီးတော့ စစ်ဆေးပေးဖို့ မေးမြန်း ရခြင်း ဖြစ်ပါတယ်။

အခုစစချင်းလုပ်တဲ့နှစ်မှာပဲ ကျောက်ချောလမ်းက လုံးဝ အဆင်မပြေပါဘူး။ ဒါကိုတော့ ဝန်ကြီးအနေနှင့် ပြန်လည် ဆောင်ရွက်ပေးဖို့ တင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီးတော့ အစီအစဉ်အရ အစီအစဉ်တိုင်း ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ မပြေလည်တဲ့ ကိစ္စများရှိလျှင် နောက်မှစာဖြင့်ရေး တင်ပြဖို့ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒုတိယမေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။



D/real(wide) (2

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်း မဘိမ်းမြို့နယ်သည် သစ်တောဧရိယာ ဖုံးလွှမ်းသော မြို့နယ်ဖြစ်ပါသည်။ ၄င်းအတွက် သစ်ခိုးထုတ်မှုမရှိစေရေးအတွက် သစ်တောဦးစီးဌာနတွင် တာဝန်ရှိကြောင်း သိရှိရပါသည်။ ၄င်းသစ်တရားမဝင် ခိုးထုတ်မှုတားဆီးရေးနှင့် ပတ်သက်၍ မဘိမ်းမြို့နယ်တွင် ဖြစ်စဉ်(၂)ခု ဖြစ်ပွားခဲ့သည်ကို သိရှိပြီး ဖြစ်ပါသည်။

၄င်းအတွက်ပြည်ထောင်စုဝန်ကြီးမှ မီဒီယာသို့ ရှမ်းပြည်နယ် မဘိမ်းမြို့နယ်၌ သစ်တောဝန်ထမ်း(၂)ဦး သေဆုံးရသည့် ဖြစ်စဉ်များရှိကြောင်း ပြောကြားခဲ့သလို ပြည်နယ်ဝန်ကြီးမှ (၁)ဦးသေဆုံး၍ (၁)ဦးဒဏ်ရာရရှိသည်ဟု ဖြေကြားခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ ဒဏ်ရာရရှိသူ သစ်တောဝန်ထမ်းမှ အလုပ်ထုတ်ပယ်သည်အထိ ပြစ်ဒဏ်ခံခဲ့ရကြောင်းလည်း သိရှိရပါသည်။ ထိုပြစ်ချက်များတွင် သံသယဖြစ်ဖွယ်တွေ့ရှိရသည် ဟူသောအကြောင်း ပြချက်ဖြင့်လည်းကောင်း၊ နေ့စဉ်မှတ်တမ်း ရေးသွင်းခြင်းမရှိဟူသော အကြောင်းပြချက်(၂)ချက်ဖြင့် ထုတ်ပယ်ခဲ့ကြောင်း ကြားသိရ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈)၊ ပုဒ်မ ၃၄၇ အရ ဥပဒေတွင် တန်းတူညီမျှ အခွင့်အရေး ရရှိစေရမည် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပါရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဝန်ထမ်းစည်းကမ်းတွင် သံသယဖြစ်ဖွယ်တွေ့ရှိ ရသည်ဟူသော အကြောင်းပြချက်ဖြင့် အလုပ်မှ ထုတ်ပယ်သည် အထိ အရေးယူနိုင်ခြင်း ရှိ/မရှိ၊ တာဝန်ကြောင့် အလုပ်လုပ်ရင်း ဒဏ်ရာရရှိလျှင် အလုပ်မှထုတ်ပယ်ခြင်း ရှိ/မရှိ၊ နေ့စဉ်မှတ်တမ်း





ထုတ်ပယ်ခံရသည်အထိ အရေးယူမှုသည် ဝန်ထမ်းများကို အသက်သေခံရန် တွန်းပို့နေသကဲ့သို့ ဖြစ်နေပါ၍ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဟူ၍မေးမြန်းချက်နှင့် ပတ်သက်ပြီး အပိုဒ်(၁)အနေနှင့် ဖြေကြားသွားပါမယ်-

(၁) ဝန်ထမ်း(၁)ဦးအား သာမန်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်အားနည်းမှုများအပေါ် သံသယဖြစ်ဖွယ် တွေ့ရှိချက်ဖြင့် အရေးယူ ဆောင်ရွက်ခြင်း မရှိသော်လည်း ကောင်းမွန်သော အုပ်ချုပ်မှု သန့်ရှင်းသောအစိုးရ ဖြစ်စေရေးဦးတည် ဆောင်ရွက်ရာတွင် ထိရောက်အောင်မြင်မှုရှိစေရန် အတွက် သစ်တောဦးစီးဌာန ဝန်ထမ်းများ အနေဖြင့် တရားမဝင်ငွေကြေးကိစ္စရပ် များနှင့် ပတ်သက်ဆက်နွယ် ဆောင်ရွက်မှုများအား သံသယဖြစ်ဖွယ် တွေ့ရှိရပါက အလုပ်မှထုတ်ပယ် သည် အထိ အရေးယူမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်ကြောင်း ပေါ်လွင်ပါက တရားစွဲဆို သည်အထိ အရေးယူမည်ဖြစ်ကြောင်း (၂၀-၁-၂၀၁၂) ရက်နေ့တွင် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ထားရှိပြီး အဆိုပါ အမိန့် ညွှန်ကြားချက် အတိုင်း တိကျစွာ အကောင်အထည်ဖော် အရေးယူ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

(၂) သစ်တောဦးစီးဌာနမှ ဝန်ထမ်းတစ်ချို့သည် တရားမဝင်သစ်လုပ်ငန်း လုပ်ကိုင်သူများထံမှ တံစိုး လက်ဆောင်နှင့် လာဘ်ငွေများ ယူဆောင်၍

ရေးသွင်းရန် ပျက်ကွက်ခြင်းအတွက် အလုပ်မှထုတ်ပယ်ခံရလျှင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများမရှိဘဲ ဖြစ်နေသည့်အပြင် အဖမ်းခံရပြီး ပြန်လွတ်လာလျှင်လည်း အလုပ်မှ ထုတ်ပယ်သည်အထိ အရေးယူမှုသည် ဝန်ထမ်းများကို အသက်အသေခံရန် တွန်းပို့နေသကဲ့သို့ ဖြစ်နေပါ၍ မည်ကဲ့သို့ဆက်လက် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအိုက်ပေါင်း၊ သစ်တောသတ္တုဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် သစ်တော သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း ဖြစ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦးမေးမြန်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် ဖြေကြားသွားပါမယ်။

ဦးသန့်ဇင်ဦးမှ ဝန်ထမ်းစည်းကမ်းတွင် သံသယဖြစ်ဖွယ် တွေ့ရှိရသည် ဟူသောအကြောင်းပြချက်ဖြင့် အလုပ်မှထုတ်ပယ်သည်အထိ အရေးယူနိုင်ခြင်း ရှိ/မရှိ၊ တာဝန်ကြောင့် အလုပ်လုပ်ဒဏ်ရာရရှိလျှင် အလုပ်မှ ထုတ်ပယ်ခြင်း ရှိ/မရှိ၊ နေ့စဉ်မှတ်တမ်းရေးသွင်းရန် ပျက်ကွက်ခြင်းအတွက် အလုပ်မှ ထုတ်ပယ်ခံရလျှင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများမရှိဘဲ ဖြစ်နေသည့်အပြင် အဖမ်းခံရပြီး ပြန်လွတ်လာသော်လည်း အလုပ်မှ





တရားမဝင်သစ်ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လာဘ်ပေးသူနှင့် လာဘ်ယူသူ(၂)ဦးသာ လျှို့ဝှက်လုပ်ကိုင်ဆောင်ရွက်လေ့ရှိပြီး တိုက်ရိုက်ပေါ်လွင်အောင် ဖေါ်ထုတ်ရန်ခက်ခဲလေ့ ရှိသဖြင့် ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်မှုများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် အထက်ပါ ညွှန်ကြားချက်များအား ထုတ်ပြန်ခဲ့ရခြင်း ဖြစ်ပါတယ်။

(၃) သစ်တောဦးစီးဌာနမှ လစာနည်းဝန်ထမ်း (၁)ဦးသည် ၎င်း၏လစာ ဥပမာတောအုပ်အဆင့် ဝန်ထမ်း (၁)ဦး၏ လစာမှာ (၇၃၀၀၀ - ၁၀၀၀ - ၇၈၀၀၀)ဖြင့် လစာမြင့်အရာထမ်းများပင် ပိုင်ဆိုင်နိုင်ရန် ခက်ခဲသည့် သစ်တိုက်ကားများ၊ မှန်လုံကားများ ပိုင်ဆိုင်နေခြင်း၊ ဈေးဆိုင်၊ စီးပွားရေးလုပ်ငန်း များအား ပိုင်ဆိုင်နေခြင်းတို့မှာ ကျိုးကြောင်းဆီလျော်မှု မရှိသဖြင့် ၎င်းအနေဖြင့် မိမိအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ကာ သစ်လုပ်ငန်းလုပ်ကိုင်သူများထံမှ ကိုယ်ကျိုးရှာ တံစိုးလက်ဆောင် ရယူခဲ့ခြင်းကြောင့်သာ ဖြစ်နိုင်ပြီး အဆိုပါကဲ့သို့ ကိစ္စရပ်မျိုးအပေါ် တာဝန် ရှိသူများမှ အသေးစိတ် စိစစ်သုံးသပ်၍ သံသယဖြစ်ဖွယ် တွေ့ရှိမှုဖြင့် အရေးယူဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

(၄) သို့ပါ၍ ဝန်ထမ်းတစ်ဦးအား သာမန်ကိစ္စရပ်အပေါ် သံသယဖြစ်ဖွယ် အချက်ဖြင့် အရေးယူနိုင်ခြင်း မရှိကြောင်းနှင့် လာဘ်ပေး လာဘ်ယူ

ကိစ္စရပ်အပေါ် သံသယဖြစ်ဖွယ် တွေ့ရှိချက်အရ အရေးယူ ခဲ့ခြင်းဖြစ်ပါသည်။

(၅) နေ့စဉ်မှတ်တမ်းရေးသားရန် ပျက်ကွက်မှု(၁)ခု တည်းဖြင့် ဝန်ထမ်း(၁)ဦးအား ရာထူးမှထုတ်ပယ် ခြင်းမရှိပါ။ သို့သော် ဝန်ထမ်း(၁)ဦး အား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင်၎င်း၏ ပျက်ကွက်မှုများအား စစ်ဆေးတွေ့ရှိချက် များအပေါ် သုံးသပ်ပြစ်ဒဏ် ချမှတ်ရပြီး နေ့စဉ်မှတ်တမ်း ရေးသားရန် ပျက်ကွက်မှုသည် ဝန်ထမ်းဆိုင်ရာပျက်ကွက်မှုနှင့် ညွှန်ကြားချက်များ အပေါ်လိုက်နာ ရန်ပျက်ကွက်ခြင်း ရှိနေသဖြင့် အဆိုပါပြစ်မှုကိုပါ တစ်ပါတည်း ထည့်သွင်း ပြစ်ဒဏ် ချမှတ်ခြင်း ဖြစ်ပါသည်။

(၆) ဝန်ထမ်း(၁)ဦးအား အဖမ်းခံရပြီး ပြန်လည် လွတ်မြောက်လာမှုဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း မရှိပါ။သို့သော် အဆိုပါဝန်ထမ်းပြန်လည်လွတ် မြောက်မှုအတွက် အကြမ်းဖက် သောင်းကျန်း သူ၊လက်နက်ကိုင် အဖွဲ့အစည်း များအား လာဘ်ငွေပေးခြင်း၊ ဆောင်ရွက်ခဲ့လျှင်မှု ကြီးမားသော ပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှု ဖြစ်သဖြင့် အလားတူ ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့ပါက ဝန်ထမ်း အားရာထူးမှ ထုတ်ပယ် ဆောင်ရွက်သွားမည်

ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။



D/real(wide) (2



**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဦးရဲ့ နိုင်ငံတော်မှ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ဆောင်ရွက် နေခြင်း၊ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖော်ဆောင် နေရာ ယခုကဲ့သို့ အမိန့်အာဏာ လုပ်ပိုင်ခွင့်အား တလွဲအသုံးပြု၍ ဆောင်ရွက်ခဲ့သော ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူးအား ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်မှစပြီး စုံစမ်းစစ်ဆေးအရေးယူမည်ကို သိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူမှ ပြန်လည် ဖြေကြားသွား မှာဖြစ်ပါတယ်။

(၂၂-၈-၂၀၁၃) ရက်နေ့ ကျောက်မဲခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်သော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ အစည်းအဝေး အမှတ်စဉ် ၁၁/၂၀၁၃၌ ကျောက်မဲခရိုင်တွင် တာဝန်ထမ်းဆောင် နေကြသော ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲ တစ်ချို့မှာ **GSM** ဆင်းကတ် မရရှိ သေးကြောင်း၊ ကျောက်မဲမြို့နယ်တွင် ချထားပေးသော်လည်း

ခရိုင်အဆင့်ဖြစ်၍ ရရှိခြင်း မရှိကြောင်း တင်ပြခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးအနေဖြင့် ကျောက်မဲမြို့တွင် ခွဲဝေချထားပေးသည် ဆင်းကတ်အရေအတွက်မှာ (၃၀၀)မျှသာ ရှိသဖြင့် နည်းပါးခြင်း၊ ကျောက်မဲမြို့နယ်တွင် တယ်လီဖုန်း ဆက်သွယ်မှု လိုင်းကောင်းသဖြင့် လျှောက်ထားသူများပြားခြင်းတို့ကြောင့် ရရှိရန် မလွယ်ကူကြောင်း အခြားမြို့နယ်များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ရရှိပါက တတ်နိုင်သလောက် ခွဲဝေပေးထား မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဤကဲ့သို့ ဆွေးနွေးမှုအပေါ် (၂၈-၈-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော ခရိုင်စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေး အမှတ်စဉ် ၆/၂၀၁၃၌ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲတစ်ချို့မှ GSM ဆင်းကတ် ရရှိခြင်း မရှိသေးကြောင်း တင်ပြလာချက်အရ ခွဲဝေချထားပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ရာ ကျောက်မဲမြို့နယ်တွင် ချထားပေးသည့် ဆင်းကတ်အရေအတွက်မှာ (၃၀၀)မျှသာ ဖြစ်ခြင်း၊ ကျောက်မဲမြို့နယ်တွင် တယ်လီဖုန်း ဆက်သွယ်မှု လိုင်းကောင်းသဖြင့် လျှောက်ထားသူ များပြားခြင်းတို့ကြောင့် ရရှိရန် မလွယ်ကူကြောင်း သို့ဖြစ်၍ တယ်လီဖုန်း ဆက်သွယ်မှု အားနည်းပြီး တယ်လီဖုန်းအသုံးပြုသူ ဆင်းကတ် လျှောက်ထားသူ နည်းပါးသော မဘိမ်းမြို့နယ်မှ အဆင်ပြေ ရရှိနိုင်မည်ဖြစ်သဖြင့် မဘိမ်းမြို့နယ်သို့ ညှိနှိုင်း တောင်းခံရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီ၏ ဆွေးနွေးဆုံးဖြတ်ချက်အရ မဘိမ်းမြို့နယ်သို့ ညှိနှိုင်းဆောင်ရွက်ခဲ့ရာ မဘိမ်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ (၂၈-၈-၂၀၁၃)ရက်နေ့ ရက်စွဲပါစာအမှတ် ၅/၁၀-၁/ဦး ၆ (၇၀၈)ဖြင့် GSM ဆင်းကတ်(၅)ခုအား တရားဝင်ပေးပို့လာခဲ့ပါသည်။ အဆိုပါ



D/real(wide) (2



**ဒုတိယဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးသန့်ဇင်ဦးက တတိယမေးခွန်းကို ဆက်လက်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန့်ဇင်ဦး၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား တတိယမေးခွန်း အနေနဲ့ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း မဘိမ်းမြို့နယ် သို့ GSM ဆင်းကဒ် အလုံး (၃၀၀)ခွဲတမ်းရရှိခဲ့ပါသည်။ ၎င်းအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ (၂၂-၈-၂၀၁၃)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဌာနဆိုင်ရာ(၇၀)လုံးနှင့် ရပ်ကွက်(၃)ရပ်ကွက်မှ ပြည်သူလူထုအတွက် (၂၃၀)လုံး ခွဲဝေပေးခဲ့ပါသည်။

(၂၃-၈-၂၀၁၃)ရက်နေ့တွင် ရပ်ကွက်(၃)ရပ်ကွက်ရှိ ပြည်သူလူထုအား မဲစနစ်ဖြင့် ရောင်းချပေးခဲ့သည်။ သို့သော် (၂၂-၈-၂၀၁၃)ရက်နေ့ ညနေ(၅)နာရီခန့်တွင် ခရိုင်အုပ်ချုပ်ရေးမှူးမှ ခရိုင်အဆင့်ဌာနဆိုင်ရာများအတွက် ဟုဆိုကာ ဖုန်း(၅)လုံး တောင်းယူကြောင်းနှင့် (၂၄-၈-၂၀၁၃)ရက်နေ့တွင် ကျောက်မဲမြို့သို့ ပို့လိုက်ရကြောင်း သိရှိရပါသည်။ ၎င်းဖုန်းနံပါတ်များမှာ ၀၉၂၅၆၀၇၂၉၃၄ မှ ၀၉၂၅၆၀၇၂၉၃၈ ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်မှ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း၊ ခေတ်မှီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝ သော ဒီမိုကရေစီစနစ် ဖော်ဆောင်နေရာ ယခုကဲ့သို့ အမိန့်၊ အာဏာ၊ လုပ်ပိုင်ခွင့်အား တလွဲအသုံးပြု၍ ဆောင်ရွက်ခဲ့သော ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူးအားဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်မှ စ၍စုံစမ်းစစ်ဆေး အရေးယူမည်ကို သိရှိလို၍ မေးမြန်းအပ်ပါသည်။

ပေးပို့လာသည့် ဆင်းကတ်(၅)ခုအား ဆင်းကတ်မရရှိသေးသော ခရိုင်အဆင့် ဌာနဆိုင်ရာ(၃)ခု၊ လူမှုရေးအဖွဲ့(၁)ဦးနှင့် ဘုန်းတော်ကြီး (၁)ပါးတို့အား အောက်ပါအတိုင်း ပြန်လည်ခွဲဝေ ပေးခဲ့ပါတယ်-

(က) ၀၉၂၅၆၀၇၂၉၃၅ ခရိုင်သာသနာရေးမှူး။

(ခ) ၀၉၂၅၆၀၇၂၉၃၆ ခရိုင်ဆရာဝန်ကြီး။

(ဂ) ၀၉၂၅၆၀၇၂၉၃၈ ခရိုင်အုပ်ချုပ်ရေးမှူး။

(ဃ) ၀၉၂၅၆၀၇၂၉၃၇ တီဘီရောဂါတိုက်ဖျက်ရေး ကျောက်မဲ၊ တာဝန်ခံ။

(င) ၀၉၂၅၆၀၇၂၉၃၄ ဦးပညာဘောဂ၊ ဟိုရဘုန်းတော်ကြီးကျောင်း

တို့ဖြစ်ပါတယ်။ တယ်လီဖုန်း ဆင်းကတ် ခွဲဝေချထားရာမှာ အိမ်ထောင်စု(၁)စုလျှင် (၁)ကတ် နှုန်းဖြင့် အိမ်ထောင်စုဇယား ပါဝင်လျှောက်ထား ရမှာဖြစ်ပြီး ယခင်ရရှိထား ခြင်းမရှိသေးသော ယခင်ရရှိထားခြင်း မရှိကြောင်း ကိုယ်တိုင်ခံဝန်ချက်တို့ဖြင့် လျှောက်ထားရမှာ ဖြစ်ပါတယ်။

လျှောက်ထားလာတဲ့အခါမှာ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချပေးရန် ညွှန်ကြားချက် ထားရှိပြီး ဖြစ်ပါတယ်။ ဌာနဆိုင်ရာ များအတွက်လည်း ထိုက်သင့်သော အရေအတွက်များ ခွဲဝေပေးရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်နောင်တွင် လုပ်ငန်းများဆောင်ရွက်ရာ၌ ယခုထက်ပိုမို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်းနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး မှတ်တမ်းများဖြင့် စီမံခန့်ခွဲသော နည်းလမ်းများအရ ဆောင်ရွက် ပေးခဲ့ခြင်း ဖြစ်ကြောင်းပြန်လည် ဖြေကြားတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။



D/real(wide) (2



မအောင်မြင်ခဲ့ပါ။ ယနေ့ဒီမိုကရေစီခေတ် အစိုးရသစ် လက်ထက်တွင်အောင်မြင်စွာ အကောင်အထည်ဖေါ် ပေးစေလိုပါသည်။ ဆောင်ရွက်ပေးနိုင်မည်ဟုလည်း ဒေသခံများက ယုံကြည်မျှော်လင့်နေကြပါသည်။ နောင်လိုက်ဆည် တည်ဆောက်ခြင်းနှင့်အတူ ဟိုနမ့်တောင်ဘက်ခြမ်းရှိ (နောင်ဗို) တစ်ဖက်ဆည် ကန်ကြီးကိုလည်း ပြန်လည်တူးဖော်ခြင်း၊ နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါသည်။ သို့ဖြစ်ပါ၍ ဟိုနမ့်ဒေသ ပအိုဝ်းတိုင်းရင်းသား မဲဆန္ဒရှင်များကိုယ်စား အောက်ပါ မေးခွန်းများ ကို လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါသည်-

(က) မောက်မယ်မြို့နယ်၊ ပန်းတန်ကျေးရွာအုပ်စု၊ ပန်းတန်ကျေးရွာအနီးရှိ နောင်ခိုက်ရေထွက်ဆည် အားလျှို့ပိတ်ဆည်အဖြစ် ကူညီဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့် ဘဏ္ဍာရေး နှစ်တွင် ဆောက်လုပ်ပေးနိုင်မည်။ အစီအစဉ် မရှိပါက အဘယ်ကြောင့် မဆောက်လုပ်ပေးနိုင် သည်ကိုသိရှိလိုပါသည်။

(ခ) နောင်ခိုက်ဆည် ဆောက်လုပ်ခြင်းနှင့်အတူ ယနေ့တိုင် အားကိုးအားထား အသုံးပြုနေရသည့် နောင်ဗိုတစ်ဘက်ပိတ်ဆည်အား ပြန်လည်ပြုပြင်မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခွန်ဟန်သိန်းဦး မေးမြန်းသည့် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု ပန်းတန်ကျေးရွာအနီးရှိ နောင်ခိုက်ရေထွက်အား လျှိုပိတ်ဆည်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ခိုက်ရေထွက်ဆည်အား လက်ရှိအခြေအနေမှာ ကိုယ်ထူကိုယ်ထနည်းလမ်းဖြင့် တမံဟောင်းများ ပြန်ဖို့၍ ရေရယူသုံးစွဲလျက်ရှိရာ မိုးဥတုရွာသွန်းမှုများပြား၍ ရေစီးဆင်းမှု များပြားပါက ပျက်စီးလေ့ရှိပါသည်။ နောင်ခိုက်ရေထွက် ဆည်အား လျှိုပိတ်ဆည်အဖြစ် တည်ဆောက်ပေးရန်အတွက် ဆည်မြောင်း ဦးစီးဌာန အနေဖြင့် ပဏာမမြေပြင်ကွင်းဆင်း တိုင်းတာမှုများ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရရှိလာတဲ့ အချက်များပေါ် မူတည်ပြီး ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ ထပ်မံ၍တိုင်းတာမှုများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှိုပိတ်ဆည်(သို့မဟုတ်) ရေလှောင်တမံ အမျိုးအစား တည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိမည်ဆိုပါက ရန်ပုံငွေတင်ပြ တောင်းခံစေမှာ ဖြစ်ပါတယ်။

နောင်ခိုက်လျှိုပိတ် ရေထွက်ဆည်တမံတည်ဆောက်ခြင်း လုပ်ငန်းအား ဖြစ်မြောက်နိုင်စွမ်းရှိပြီး ဆည်မြောင်းဦးစီးဌာန နည်းပညာအရ ခွင့်ပြုချက်ရရှိပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင် ဖြည့်စွက်လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်တွင် ထည့်သွင်းထားပြီး ရန်ပုံငွေခွင့်ပြုချက် ရရှိပါက ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။



D/real(wide) (2



**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်အရ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခွန်ဟန်သိန်းဦးက မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်ဟန်သိန်းဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ ဟိုနမ့်ဒေသ ပအိုဝ်းတိုင်းရင်းသားများ ကိုယ်စား စိုက်ပျိုးရေနှင့် သောက်သုံးရေ ရရှိရေးအတွက် မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား ဟိုနမ့်ဒေသသည် ပအိုဝ်းတိုင်းရင်းသားများ အများစုနေထိုင်ကြပြီး ရေအရင်းအမြစ်အဖြစ် ချောင်းမြောင်းများ မရှိပါ။ ရေထွက်နှင့် စိမ့်ရေများကို ဆည်ဖို့ရယူပြီး သုံးစွဲရပါသည်။ ယခုနှစ်တွင် ရေရှားပါးခြင်း ပြဿနာကို ရွာတိုင်း ရင်ဆိုင်ကြုံတွေ့နေရပါသည်။ လူဦးရေ များပြားမှုနှင့် ရေမလောက်ငှမှုတို့ကြောင့် ဖြစ်ပါသည်။ ဟိုနမ့်ဒေသ(၁)ခုလုံး စိမ်းလန်းစိုပြည်ရန်နှင့် မိုးကောင်းစပါးများ၊ ဘိန်းအစားထိုးသီးနှံများ တွင်ကျယ်စွာ စိုက်ပျိုးဆောင်ရွက်နိုင်ရန် ပန်းတန်ကျေးရွာ မြောက်ဘက်လျှိုထဲရှိ (နောင်ခိုက်)ရေထွက်အား လျှိုပိတ်ဆည်အဖြစ် ရေသွယ်ယူပေးနိုင်ပါက များစွာအကျိုးဖြစ်ထွန်း စေမည်ဖြစ်ပါသည်။

ရှေးယခင် ခေတ်အဆက်ဆက်က ဆည်ဖို့ရယူခဲ့ပါသော် လည်း နည်းပညာနှင့် အရင်းအနှီးစိုက်ထုတ်မှု နည်းပါးခြင်းကြောင့်

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်အရ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မြ၊ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီး လေးစားဂါရဝပြု ပါကြောင်းဦးစွာ ပြောကြားလိုပါတယ်။ နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ဒီကနေ့ကျင်းပတဲ့ အစည်းအဝေးမှာ နောင်ချိုမြို့ တစ်မြို့လုံးသောက်သုံးရေ ဖူလုံ နိုင်တဲ့သဲဖြူရေကန်ကို စနစ်တကျပြုပြင်ပေးရေးနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ နောင်ချို မြို့နယ်ဟာ နောင်ချိုမြို့ပေါ် (၆)ရပ်ကွက် ရှိပါတယ်။ ဘူတာရပ်ကွက်နှင့် လားရှိုးရပ်ကွက်အတွင်းမှာ အလျားပေ ၆၀၀ × အနံပေ ၃၀၀ ရှိတဲ့သဲဖြူကန်လို့ ခေါ်တဲ့သဘာဝရေကန်တစ်ကန်ရှိပါတယ်။ ကန်ရဲ့သက်တမ်းဟာ နှစ်ပေါင်းရာချီလာပေမယ့် ယခုအချိန်ထိ (၁)နှစ်မှ ရေခမ်းခြောက်ခြင်း မရှိခဲ့တဲ့ရေကန်(၁) ကန်လည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ မြို့နယ်ပြည်သူ့ဆေးရုံက (Gravity Flow) နှင့် ပိုက်သွယ်တန်းပြီး ရေသုံးစွဲလျက် ရှိပါတယ်။

ကန်ရဲ့တည်နေရာဟာ အမှတ်(၁) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ကျောက်မဲရဲ့ အုပ်ချုပ်မှုအောက်မှာ ရှိနေတဲ့အတွက် ပြုပြင်ထိန်းသိမ်းမှု အားနည်းနေပါတယ်။ မြန်မာနိုင်ငံရဲ့ ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေ အရ ပြီးခဲ့တဲ့ဇူလိုင်လအထိ ကျွန်တော်တို့ မြို့နယ်မှာ မိုးရွာသွန်းမှုနည်းပါးခဲ့အတွက်





**ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။**

လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့်တစ်ကွ တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျား။ အခုနောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြရဲ့ မေးခွန်းများဖြစ်တဲ့ နောင်ချိုတစ်မြို့လုံးသောက်သုံးရေ ဖူလုံအောင်ရေပေးနိုင်သော သဲဖြူရေကန်အား စနစ်တကျ ပြုပြင်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပြုပြင်ဆောင်ရွက်ပေးမည် ဆိုပါက လက်ရှိ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေး ရန်ပုံငွေ မထိခိုက်စေဘဲ သီးခြားရန်ပုံငွေ ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့ပေါ်တွင် ရပ်ကွက်(၆)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပါတယ်။ အိမ်ခြေ(၂၅၂၄)အိမ် လူဦးရေ (၁၄၆၁၁)ဦး နေထိုင်လျက်ရှိပြီး တစ်နေ့ရေလိုအပ်ချက်မှာ (၂၉၂၂၂၀)ဂါလံ ဖြစ်ပါတယ်။ စည်ပင်သာယာရေး အဖွဲ့မှ လက်ရှိရေပေးဝေမှု အနေဖြင့် စိမ့်စမ်းရေထွက်(၄)ခုမှ ရေကိုရယူ၍ လူဦးရေ(၃၅၀၀)ဦး အား ရေဂါလံ(၇၀၀၀၀)ပေးဝေလျက်ရှိပြီး ပုဂ္ဂလိကရေရယူသုံးစွဲမှု အနေဖြင့် လက်တူးတွင်း (၂၁၁၉)တွင်း၊ တုံကင်တွင်း (၂၀)တွင်း၊ စက်ရေတွင်း(၅)တွင်းမှ ရေဂါလံ(၂၂၀၂၂၀)ဂါလံအား ရယူသုံးစွဲလျက်ရှိပါတယ်။ စည်ပင်သာယာရေး အဖွဲ့မှ ရေပေးရေး လွှမ်းခြုံမှုအနေဖြင့် (၁၀)ရာခိုင်နှုန်းရှိပြီး ပုဂ္ဂလိကရေပေးရေး လွှမ်းခြုံမှု အနေဖြင့် (၉၀)ရာခိုင်နှုန်း ရှိပါတယ်။

နောင်ချိုမြို့ သဲဖြူကန်ရေထွက်မှ UNICEF ထောက်ပံ့ငွေဖြင့် (၆လက်မ × ၄လက်မ)ပိုက်များဖြင့် ရေရယူ၍

မြို့နယ်ပြည်သူ့ဆေးရုံတွင် လက်ရှိရယူသုံးစွဲလျက် ရှိပါတယ်။ သဲဖြူကန်ရေထွက်မှ ရေတိုးချဲ့ ပေးဝေ နိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေး ဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်း ဆောင်ရွက် ချက်များအရ သဲဖြူကန်ရေထွက်အတွင်း နုန်းများဆည်ယူရှင်းလင်းခြင်း၊ ကျောက်စီရေတာတမံ ပြုလုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းများဆောင်ရွက် ပြီးပါက တစ်နေ့ရေဂါလံ (၈၀၀၀၀)ခန့် ပိုမိုပေးဝေ နိုင်မှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြသော သဲဖြူရေကန်အား စနစ်တကျပြုပြင်ဆောင်ရွက်ပေးမည် ဆိုပါက သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်းဆောင်ရွက် တိုင်းတာ၍ ခန့်မှန်းခြေစာရင်းများတွက်ချက်ပြီး နောင်ချို မြို့နယ် စည်ပင်သာယာရေးဌာန၏ ဝင်ငွေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ အခြားရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် လျာထားတွက်ချက်မှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြား အပ်ပါတယ်ခင်ဗျား။

## ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်အရ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။



D/real(wide) (2



မြို့ပေါ်မှာရှိတဲ့ ရေတွင်း ရေကန်အများစုမှာ ရေတွေခမ်းခြောက်ကုန်တဲ့ အတွက် မြို့ပေါ်နေပြည်သူများ ထိတ်လန့်တုန်လှုပ်လာခဲ့ပြီး ရေအရင်းအမြစ် တွေကို မြို့မှာတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေ ဦးဆောင်ပြီး ရှာဖွေတဲ့အခါမှာ သဲဖြူကန်ကို ပြုပြင် ထိန်းသိမ်းရန် ဆုံးဖြတ်ပြီး သက်ဆိုင်ရာ တပ်နဲ့ညှိနှိုင်းတဲ့အခါ မြို့ကလိုတဲ့ ကန်ဧရိယာဝန်းကျင် အကျယ်အဝန်းကိုပါ ခွင့်ပြုပေးခဲ့ပါတယ်။

မြို့အနေနဲ့ တက်ကြွတဲ့လူငယ်အဖွဲ့အစည်းတွေက ဦးဆောင်ပြီး ကန်ပတ်ဝန်းကျင် သန့်ရှင်းခြင်းပြုလုပ်ကာ သစ်ပင်(၃၀၀) ကျော် စိုက်ပျိုးထားပြီး ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေအရ နှစ်စဉ်နွေရာသီ ရောက်လျှင် သောက်သုံးရေ ပြတ်လပ်မှု အခက်အခဲနဲ့ တွေ့ကြုံနေရဦးမှာ ဖြစ်တဲ့အတွက် သဲဖြူရေကန်ကို စနစ်တကျ ပြုပြင်ပေးလိုက်ခြင်းဖြင့် ပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူတွေရဲ့ အမှန် တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာကျတဲ့ လုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ရေကန်ပြုပြင်တဲ့အခါမှာတော့ သက်ဆိုင်ရာဌာနက ကျွမ်းကျင်မှု အကူအညီလည်း လိုအပ်လာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ နောင်ချိုမြို့မှာရှိတဲ့ တစ်မြို့လုံး သောက်သုံးရေ ဖူလုံအောင် ရေပေးနိုင်သော သဲဖြူရေကန်အား စနစ်တကျ ပြုပြင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိပါသလား။

ပြုပြင်ဆောင်ရွက်ပေးမည်ဆိုပါက လက်ရှိဘဏ္ဍာရေးနှစ် စည်ပင်သာယာရေး ရန်ပုံငွေကို မထိခိုက်စေဘဲ သီးခြားရန်ပုံငွေ ခွင့်ပြုပေးနိုင်ရန် အစီအစဉ် ရှိပါသလား။ ရှိသေစွာမေးမြန်း အပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ရှင်းလင်းတင်ပြပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး။** အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ တပ်မတော်သား ကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်ဖြစ်ပါတယ်။ ဒီကနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၉၀)(ခ)အရ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့မှသာ တင်သွင်းခွင့် ရှိသော တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်နှစ်စဉ် အရ/အသုံး ခန့်မှန်းခြေငွေစာရင်းကို သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည့် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို လွှတ်တော်သို့ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မည့် လုပ်ငန်းများကို စီမံကိန်းနှင့် ရန်ပုံငွေလျာထားချက် အသေးစိတ်စာရင်းများကို လွှတ်တော်ကိုယ်စားလှယ်များကို ကြိုတင်ဖြန့်ဝေပြီး ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ





ပြည်ထောင်စုမှာ တပေါင်းတည်း စုစည်းရေးဆွဲရမည်ဖြစ်၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ရှမ်းပြည်နယ် တရားလွှတ်တော်အတွက် ထည့်သွင်းရေးဆွဲခြင်း မပြုတော့ဘဲ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးရဲ့ ချီးမြှင့်ငွေစရိတ်နှင့်အဆောင်အယောင်များနှင့် စပ်လျဉ်းတဲ့ အသုံးစရိတ်တွေကို ပြည်နယ်အစိုးရရဲ့ အသုံးစရိတ်မှာ ထည့်သွင်းရေးဆွဲထားပါတယ်။

တရားရုံးရဲ့ သာမန်ရငွေကိုလည်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရငွေမှာပေးသွင်းရမှာ ဖြစ်ပါတယ်။ ပြည်နယ် တရားလွှတ်တော်ရဲ့ ဘတ်ဂျတ်က ပြီးခဲ့တဲ့နှစ်မှာ သီးသန့်ပါရှိပြီးတော့ ယခုနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရငွေထဲမှာ ဖော်ပြထားကြောင်း ထပ်ဆင့်ရှင်းလင်းတင်ပြအပ်ပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဝန်ကြီးဦးစီးဌာနများရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ ပြည်ထဲရေးဝန်ကြီးဌာနအောက်၌ မီးသတ်ဦးစီးဌာနရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို ပြည်နယ်အဆင့်ဌာနတစ်ခု သတ်မှတ်၍ ထည့်သွင်းရေးဆွဲထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄မှာ ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲမှာ ပါဝင်ခြင်းမရှိပါဘူး။ လာမည့် ၂၀၁၄-၂၀၁၅မှာ မီးသတ်ဦးစီးဌာနဟာ ရှမ်းပြည်နယ်ရဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲမှာပါဝင်လာမှာ ဖြစ်ပါတယ်။ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်မှာ ပျားလုပ်ငန်းဝန်ကြီးဌာနရဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်းကိုလည်း မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှာထည့်သွင်းရေးဆွဲ ထားပါတယ်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၉ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ နိုင်ငံတော်သမ္မတရဲ့ တွေ့ဆုံဩဝါဒပေးတဲ့ အခမ်းအနားမှာ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်သူများရဲ့ လူမှုစီးပွား

ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးတဲ့ နေရာမှာ ဒေသခံ ပြည်သူများရဲ့ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိတဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရများသို့ ပြည်ထောင်စုဝန်ကြီးဌာနမှ တိုက်ရိုက် ခွင့်ပြုပေးနိုင်တဲ့ လုပ်ငန်းများအား ခွဲဝေပိုင်းခြား လုပ်ကိုင်ခွင့်ပြုရန် လမ်းညွှန်ခဲ့ပါတယ်။

ဒီအကြောင်းအရာနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်ကနေ လွှတ်တော်ကို ပြောတဲ့မိန့်ခွန်းမှာလည်း ဒီအကြောင်းပါဝင်ခဲ့ပါတယ်။ ဒီလိုအကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုင်းဒေသကြီး ပြည်နယ်အစိုးရများသို့ တိုက်ရိုက်ခွင့်ပြုပေးနိုင်တဲ့ လုပ်ငန်းများနှင့် သက်ဆိုင်တဲ့ ဘတ်ဂျက်များအား ပြည်နယ်အစိုးရ အဖွဲ့ရဲ့ အရအသုံးစာရင်းမှာ ထည့်သွင်းရေးဆွဲတဲ့နေရာမှာ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက် ငွေလုံးငွေရင်း အသုံးစရိတ်ကို အောက်ပါအတိုင်း လျာထားမှု ပြုထားပါတယ်။

ဒီအကြောင်းအရာနှင့် ပတ်သက်ပြီးတော့ ပြည်ထောင်စု ဘတ်ဂျတ်ထဲမှာ ပါဝင်နေတဲ့ လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ထဲမှာ ထည့်သွင်းပေးနိုင်ဖို့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို (၆-၉-၂၀၁၃)ရက်နေ့မှာလည်းကောင်း ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို (၂၄-၉-၂၀၁၃)နှင့် (၂၅-၉-၂၀၁၃) ရက်နေ့မှာ သမ္မတရုံးဝန်ကြီးဌာနမှ ပြည်နယ်ကို ထည့်သွင်း ရေးဆွဲတဲ့လုပ်ငန်းများ ဖြစ်ပါတယ်။ ဒါဟာ ၂နှစ်စဉ် နှစ်တိုင်း ပါဝင်မှာမဟုတ်ဘဲ သူ့ရဲ့သက်ဆိုင်ရာ အကောင်အထည် ဖော်ဖို့ ရှိတဲ့အချိန်မျိုးမှာသာလျှင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။



D/real(wide) (3



ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေး နှစ်ရသုံးခန့်မှန်းခြေ ငွေစာရင်း ဖြစ်ပါတယ်။

နိဒါန်းအနေနဲ့ ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်နှင့် ဆောင်ရွက်တဲ့နေရာမှာ အခြေခံမူအားဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ အဖွဲ့အစည်းများဟာ ရငွေတွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး သုံးငွေများကိုလည်း ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင်အတွင်း တည်ဆဲဘဏ္ဍာငွေစာရင်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲလျက် ရှိပါတယ်။ ၂၀၁၄-၂၀၁၅ခု ရသုံးခန့်မှန်းခြေ ငွေစာရင်းများအား ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများရဲ့ သာမန်ငွေလုံးငွေရင်းနှင့် ကြွေးမြီရသုံး ခန့်မှန်းခြေ ငွေစာရင်းများ၊ အခွန်အခရငွေ ခန့်မှန်းခြေ ငွေစာရင်းများ ရသုံးခန့်မှန်းခြေ ငွေစာရင်းမှာ မပါဝင်တဲ့ ကြွေးမြီအပ်ငွေယာယီစတဲ့ စာရင်းများ၊ ဝန်ထမ်းစာရင်းများကို ဗဟိုအဖွဲ့အစည်းများ ဝန်ကြီးဌာနများ ဦးစီးဌာနများနှင့် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအတွက် သတ်မှတ်ထားတဲ့ ပုံစံများဖြင့် ပြုစုရေးဆွဲထားပါတယ်။

ပြည်နယ်အဆင့် ဌာနများရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းကို စုစည်းပေါင်း ချုပ်၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲထားမှု အခြေအနေမှာ အောက်ပါအတိုင်း တင်သွင်းအပ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများအား ၂၀၁၃-၂၀၁၄ခုနှစ် ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ဗဟိုအဖွဲ့အစည်းများမှာ ရှမ်းပြည်နယ် တရားလွှတ်တော်အတွက် သာမန်ငွေလုံးငွေရင်း အသုံးစရိတ်များ ကို

အဲ့ဒီထဲမှာ အမှတ်စဉ်(၁)အနေဖြင့် ဝန်ကြီး(၃)ဦး၏ နေအိမ်ဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ ကျပ်သန်း(၁၈၀) လျာထားပါတယ်။ ပထမ ၂၀၁၃-၂၀၁၄ မှာ ဖြည့်စွက်ခွင့်ပြုငွေမှာ (၄၀)% တောင်းထားပြီး ဖြစ်တဲ့အတွက် ယခုစာရင်းသည် လာမည့် ၂၀၁၄-၂၀၁၅မှာ (၆၀)%အဆိုပြုပြီး လျာထားရေးဆွဲခြင်း ဖြစ်ပါတယ်။ အမှတ်စဉ်(၂)မှာ အရာရှိရိပ်သာ ဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ နေပြည်တော်မှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ရဲ့ရိပ်သာ ဆောက်လုပ်ခြင်း ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း(၂၂၀)ဖြစ်ပါတယ်။

အမှတ်စဉ်(၃)မှာ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမဆောက်လုပ်ခြင်း၊ ဒါကတော့ ပင်းတယမှာ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၆၆၀)ဖြစ်ပါတယ်။ အမှတ်စဉ်(၄)မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ဒေသဦးစီး အဖွဲ့ဝင်တွေရဲ့ နေအိမ်(၆)လုံး ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း(၃၆၀) တင်ပြတောင်းခံ ထားပါတယ်။ အမှတ်စဉ်(၅)မှာ ပညာရေးကောလိပ် ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်းမှာ အဆောက်အဦ ဆောက်လုပ်ဖို့ အတွက် ကျပ်သန်းပေါင်း (၁၉၃. ၆)သန်း ထည့်သွင်းရေးဆွဲထား ပါတယ်။ အမှတ်စဉ်(၆)မှာ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေး ရုံးအတွက် ကျပ်သန်းပေါင်း(၂၃၃၆၃. ၉၈၀)သန်း ထည့်သွင်းရေးဆွဲ ထားပါတယ်။

အမှတ်စဉ်(၇)မှာ နယ်စပ်ထွက်ပေါက်၊ ဝင်ပေါက်ဒေသမှာ အဆောက်အဦ(၂)ထပ် ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ပေ(၁၄၀ × ၃၀)ရှိပါတယ်။ မူဆယ်မှာ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၃၂၇. ၆)သန်း ပါဝင်ပါတယ်။ အမှတ်စဉ်(၈)မှာ ပင်လုံကျောက်တိုင် အဆင့်မြှင့်တင်ပြင်ဆင် မွမ်းမံခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ပင်လုံမှာ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၅၁. ၃၅)သန်း ထည့်သွင်းရေးဆွဲ ထားပါတယ်။ အမှတ်စဉ်(၉)မှာ အခြေခံပညာကျောင်း





ကတိ၊ကဝတ်အနေဖြင့် ရှမ်းပြည်နယ် တောင်၊ မြောက်၊ အရှေ့ ပိုင်းမှာ လျှပ်စစ် လုပ်ငန်းမှာ (၈၂၈. ၃၈၉)သန်း ပါဝင်မှာ ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

အမှတ်စဉ်(၁၄)မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအတွက် ကျပ်သန်းပေါင်း (၃၆၀. ၂) သန်း ပါဝင်မှာဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ် နောင်ခမ်းကျေးရွာမှာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းအတွက် ဖြစ်ပါတယ်။ အမှတ်စဉ် (၁၅)မှာ ကျေးလက်မီးလင်းရေး ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်း ၊ အရှေ့ပိုင်း ကျပ်သန်းပေါင်း (၄၃၁၄၅. ၉၅)သန်း ဖြစ်ပါတယ်။ အမှတ်စဉ်(၁၆)မှာ ကျေးလက်ရေ လိုအပ်ချက်အရ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်းမှာ သန့်ရှင်းသော သောက်သုံးရေးအတွက် ဖြစ်ပါတယ်။

ကျပ်သန်းပေါင်း (၂၆၈၂၄. ၀၄၀)သန်း ဖြစ်ပါတယ်။ အခုတင်ပြတဲ့ အချက်များသည် ပထမဦးစားပေး ထဲမှာထည့်သွင်း ထားပြီးတော့ စုစုပေါင်း ကျပ်သန်းပေါင်း (၁၃၄၂၈၃. ၃၂၄)သန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယဦးစားပေး အနေနဲ့ ဆည်မြောင်းဦးစီးဌာနရဲ့ တည်ဆောက်ရေး လုပ်ငန်းတွေမှာ ကျပ်သန်းပေါင်း (၄၈၇. ၄)သန်း ဖြစ်ပါတယ်။ တတိယဦးစားပေး အစီအစဉ်အနေနဲ့ ထည့်သွင်းဖော်ပြ ထားခြင်း မရှိပါဘူး။ စုစုပေါင်း ပထမဦးစားပေးနှင့် ဒုတိယဦးစားပေးသည် ကျပ်သန်းပေါင်း (၁၃၈၃၇၀. ၇၂၄)သန်း ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့အဖွဲ့အစည်းများရဲ့ ရငွေ ရရှိတဲ့ အကြောင်း အရင်းနှင့် လုပ်ငန်းဆောင်ရွက်တဲ့ အကြောင်း အရင်း အသုံးစရိတ်အတွက် ရှင်းလင်းခြင်းဖြစ်ပါတယ်။ **[ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပါသည်။ ]**

# ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန၊ အဖွဲ့အစည်းများ ၏ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေး နှစ်ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့ အင်္ဂါနေ့မှာ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။





ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း ပါဝင်ပါတယ်။ ဒါသည် ကျပ်သန်းပေါင်း (၂၂၂၄၂)သန်း ဖြစ်ပါတယ်။

အမှတ်စဉ်(၁၀)မှာ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှာ (၃)သန်း တင်ပြထားပါတယ်။ အဲ့ဒီမှာ ကိရိယာဝင်းခြံ ဆောက်လုပ်ခြင်း (ကျိုင်းတုံ)အတွက် (၁. ၅)သန်း၊ ကိရိယာဝင်းခြံ ဆောက်လုပ်ခြင်း (ဟဲဟိုး)အတွက် (၁. ၅)သန်း ဖြစ်ပါတယ်။ မိုးလေဝသနှင့် ပတ်သက်ပြီး စက်ပစ္စည်းကိရိယာတွေကို သူ့ရဲ့ ဝင်းထဲမှာ ဆောက်လုပ်ခြင်း/ တပ်ဆင်ခြင်းဖြစ်ပါတယ်။ အမှတ်စဉ်(၁၁)မှာ စက်မှုလယ်ယာဦးစီးဌာန အတွက် ကျပ်သန်းပေါင်း (၂၉၉. ၄)သန်း ဖြစ်ပါတယ်။ အဲ့ဒီမှာ ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေး စီမံကိန်း ရှမ်း မြောက်၊ ရှေ့၊ တောင် ဖြစ်ပါတယ်။

ကျပ်သန်းပေါင်း (၁၃၄. ၄၀၀)သန်း ဖြစ်ပါတယ်။ စနစ်တကျ လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းကတော့ လာမည့်နှစ်မှာစတင် ပါဝင်မှာဖြစ်ပါတယ်။ ယခင်နှစ်တွေမှာ မပါဝင်ပါဘူး။ ဒါသည်ပြန့်ကျဲနေတဲ့ လယ်ယာမြေတွေကို အကြီးစနစ်ဖြင့် ပြန်လည်ဖော်ဆောင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ အမှတ်စဉ်(၁၂)မှာ ဆည်မြောင်းဦးစီးဌာနမှာ ကျပ်သန်းပေါင်း (၁၂၆၃၇. ၄၈)သန်း ပါဝင်မှာဖြစ်ပါတယ်။ အမှတ်စဉ်(၁၃)မှာ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ကျပ်သန်းပေါင်း (၃၄၁၃. ၇၂၄)သန်း ဖြစ်ပါတယ်။

အသေးစိတ်အနေဖြင့် တည်ဆောက်ရေးလုပ်ငန်း အနေဖြင့် ကျပ်သန်းပေါင်း(၄၇၀. ၁၈၃)သန်း၊ လုပ်ငန်း လိုအပ်ချက် ရှမ်းပြည်နယ်၊ တောင်၊ မြောက်၊ အရှေ့ ပိုင်းမှာ တိုင်တွေကို ပြောင်းလဲစိုက်ထူခြင်း ဖြစ်ပါတယ်။ သစ်သားတိုင်ကနေ ကွန်ကရစ်တိုင်ကို ဆောက်လုပ်မှာ ဖြစ်ပါတယ်။ ကျပ်သန်းပေါင်း (၂၁၁၅. ၁၅၂)ဖြစ်ပါတယ်။ လွှတ်တော်တွေမှာ ပေးထားတဲ့

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၁၂) အရ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး အမှတ်စဉ်(၁/၂၀၁၃) ပထမနေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၃) ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၅) ရက်နေ့ အင်္ဂါနေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။



D/real(wide) (3



ကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာနေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၉. ၂၉)% ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ပုဒ်မ(၃၅)၊နည်းဥပဒေခွဲ(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ် အတိုင်း ဆက်လက်ကျင်းပ သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးရေဟာ(၁၄၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦး၊ ယနေ့ခွင့်ပန်ကြားသူ မရှိ၊ စုစုပေါင်းခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။



D/real(wide) (3



# ရှမ်းပြည်နယ်
## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## အထူးအစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း
## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃)ရက်
## ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်
## [ **အင်္ဂါနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃)(ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးစိုင်းခမ်းမှတ်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ် ရေးမှူး ဦးသိန်းဦးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေး(၁/၂၀၁၃) (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသော

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့တက်ရောက်မှုအခြေ အနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က အတည်ပြုပါသည်။ ]**

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေငြာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၁)ဦးက မေးမြန်းထားသည့်





စုစုပေါင်း (၃၁)အုပ်စုတို့ အားကိုးအားထားပြုပြီး သွား/လာ ရောင်းဝယ်ဖောက်ကား၊ ကုန်သွယ်ပို့ဆောင်မှုများ ဆောင်ရွက်လျက် ရှိပါတယ်။

၄င်းလမ်းသည် အင်္ဂလိပ်ခေတ်ကတည်းက ဖောက်လုပ်ထားသည့်လမ်းဖြစ်ပြီး နှစ်ပေါင်း (၁၀၀)ကျော် ရှိပြီ ဖြစ်ပါတယ်။ သို့သော် ၄င်းလမ်းကို အကြီးစားပြုပြင်ခြင်း၊ ကတ္တရာခင်းခြင်း ပြုလုပ်ခဲ့ခြင်းမရှိ၍ ယခုအခါ သွားလာမှု ခက်ခဲလျက် ရှိနေပါတယ်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရရှိသည့် ဘတ်ဂျက်လည်း လွန်စွာ နည်းပါးတဲ့အတွက် ရှေ့ကပြင်ရင် နောက်ကပျက် ဖြစ်နေပါတယ်။ ကတ္တရာလမ်းအဖြစ် ပြုပြင်နိုင်ခြင်း မရှိဘဲ ကျောက်လမ်းဖို့ခြင်း၊ မြေသားပြုပြင်ခြင်း အနေအထားသာ ပြုပြင်နေရပါတယ်။

ဒါကြောင့် ဖော်ပြပါ မြို့နယ်(၂)ခုမှ ကျေးရွာအုပ်စုပေါင်း (၃၁)အုပ်စု၊ လူဦးရေ (၆)သောင်းကျော်တို့ အမှီသဟဲပြု အားထားနေရသည့် ၄င်းကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းကို ကတ္တရာလမ်းအဖြစ် တိုးမြှင့်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ ရှိပါက မည့်သည့်အချိန်တွင် ပြုပြင်ပေးမည်ဖြစ်ကြောင်း သိရှိလို၍ လူထုကိုယ်စား ဤမေးခွန်းကို ဤအစည်းအဝေးကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** သက်ဆိုင်ရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းနော်ခမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်



D/real(wide) (3

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျာ။

နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းမေးမြန်းသည့် ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းဟာ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် လမ်းဖြစ်ပါတယ်။ ၄င်း ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်း မိုင်တိုင်အမှတ် (၁/၂)မှ မိုင်တိုင်အမှတ် (၇၆/၃)အထိ အရှည်စုစုပေါင်း (၇၅ မိုင် ၁ ဖာလုံ)ရှိပါတယ်။ (၃၁-၃-၂၀၁၃) ရက်နေ့အထိ လမ်းအခြေအနေဟာ ကတ္တရာလမ်း (၂၁)မိုင်၊ ကျောက်လမ်း (၄၈ မိုင် ၇ ဖာလုံ)၊ အမာခံလမ်း (၅ မိုင် ၂ ဖာလုံ) ရှိပါတယ်။ ကျောက်မဲမြို့နယ်အပိုင်းမှာ (၁၁ မိုင် ၆ ဖာလုံ)၊ မိုင်းငေါ့မြို့နယ်အပိုင်းမှာ (၄၂)မိုင်နှင့် နမ့်ဆန်မြို့နယ်အပိုင်းမှာ (၂၁ မိုင် ၃ ဖာလုံ) ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ သန်း(၃၀၀)ဖြင့် ကတ္တရာလမ်းသစ် ခင်းခြင်း (၄ မိုင် ၁ ဖာလုံ) ဆောင်ရွက်ပေးပါမယ်။ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ (၄၅. ၀၇၅)သန်းဖြင့် သာမန်ပြင်ဆင်ထိန်းသိမ်း ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စု အထူး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ ထပ်မံရရှိတဲ့ (၁၅၀)သန်းဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁ မိုင် ၃ ဖာလုံ)၊ ၆၅ ပေ အရှည် ကျောက်စီမြေကာနံရံကာ ၅ ပေ Box Culvert (၁)စင်း လုပ်ငန်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုငွေလုံးငွေရင်း လျာထားရန်ပုံငွေ (၁၀၀၀)သန်းဖြင့် မြေသားလမ်းချဲ့ခြင်း (၈ မိုင် ၄ ဖာလုံ)၊ ကတ္တရာလမ်းသစ်ခင်းခြင်း (၄)မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁)မိုင်၊ ကျောက်ချော်လမ်းခင်းခြင်း (၂)မိုင်နှင့် ၅ပေ၊ ကျောက်ချော်လမ်းခင်းခြင်း (၅)မိုင်နှင့် ၅ ပေ Box Culvert (၃)စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို





မေးခွန်းကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကြယ်ပွင့်ပြမေးခွန်း (၁)ခု မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။

နမ့်ဆန်မြို့နယ်သည် ကျောက်မဲမြို့နယ်မှ (၇၆)မိုင် ကွာဝေးသည့် ကုန်းတွင်းပိတ်မြို့(၁)မြို့ ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်မှ သီပေါ-ပန်လုံ-နမ့်ဆန် ဖြင့် တစ်လမ်း၊ ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်ဖြင့် တစ်လမ်း၊ လမ်း(၂)လမ်းဖြင့် ဆက်သွယ်ထားတဲ့ မြို့လေးဖြစ်ပါတယ်။

ယင်းလမ်း(၂)လမ်းအနက် ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းဟာ (၇၆)မိုင်ကွာဝေးပြီး တောင်ပေါ်လမ်းဖြစ်သည့် အားလျော်စွာ မိုးတွင်းမှာ တောင်ပြိုခြင်း၊ လမ်းသားပဲ့ကျခြင်း၊ လမ်းမအပေါ် ရေစီးကြောင်း ဖြစ်ပြီး လမ်းပျက်တာကြောင့် လမ်းပိတ်ဆို့မှုများ၊ အဆက်အသွယ်ပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်လေ့ ရှိပါတယ်။

၄င်းကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းကို မိုင်းငေါ့မြို့နယ်ခွဲမှ ကျေးရွာအုပ်စုပေါင်း (၂၁)ခု၊ နမ့်ဆန်မြို့နယ်ရဲ့ တောင်ဘက်နှင့် အနောက်ဘက်ခြမ်းတစ်ခုလုံးမှာ ရှိတဲ့ ကျေးရွာအုပ်စုပေါင်း (၁၀)စု၊

ဆောင်ရွက်သွားနိုင်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံထားပါတယ်။ လေးစားရပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စား လှယ်များကို ၂၀၁၄-၂၀၁၅ ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း လျာထားပြီး ဖြစ်ပါကြောင်း အစီရင်ခံ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အမည်စာရင်းပေးသွင်းထားပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်း များ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြမြလွင်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။



D/real(wide) (3



ရငွေသည် ကျပ်သန်းပေါင်း (၉၀၉၇. ၂၅)ရှိပြီး အသုံးစရိတ်သည် (၉၀၇၉. ၈၈)ဖြစ်သည့်အတွက် ပိုငွေဟာ (၁၇၃၆၄)သန်း ရှိတာကို တွေ့ရပါတယ်။

၂၀၁၄-၂၀၁၅ ခု၊ ရသုံးခန့်မှန်းငွေစာရင်းအရ ရငွေစုစုပေါင်း ကျပ်သန်းပေါင်း (၁၄၀၃၄၂)ကျော် ဖြစ်ပြီး အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၄၅၀၇၄၈)ကျော် ဖြစ်သည့်အတွက် ကျပ်သန်းပေါင်း (၃၁၀၄၀၆)ကျော် ရှိနေတာ တွေ့ရပါတယ်။ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် လိုငွေဟာ ကျပ်သန်းပေါင်း (၂၀၀၀၀၀)ကျော် ပိုလာတဲ့အတွက် ဒီဘတ်ဂျက်အတိုင်း သုံးစွဲခွင့်ရမည်ဆိုလျှင် ပြည်နယ်ရဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ချမှတ်ထားတဲ့ ဦးစားပေးလုပ်ငန်းစဉ်ရဲ့ လုပ်ငန်းများအတွက် အကျိုးရလဒ်ကောင်းများ ရလာမှာ ဖြစ်သည့်အတွက် တနည်းအားဖြင့် ကြိုဆိုရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်နယ်ရဲ့ ဘတ်ဂျက်ဟာ ပိုငွေမပြပဲ လိုငွေသာ ပြနေသေးတဲ့ ဘတ်ဂျက် ဖြစ်သည့်အတွက် အကျိုးရှိမည့် လုပ်ငန်းများတွင် ထိထိရောက်ရောက် သုံးစွဲဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဘဏ္ဍာရေးဝန်ကြီး၏ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေ ငွေစာရင်းအပေါ် သုံးသပ်တင်ပြချက်မှာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းနှင့် ပတ်သက်သည့် အဆိုပြုဘတ်ဂျက်မှာ

**ဒေါ်နန်းမြမြလွင်၊ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လေးစားအပ်သော ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာပို့သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင် ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃)ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီး တင်သွင်းသွားတဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအပေါ် ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ခန့်မှန်းငွေစာရင်းကို ကြည့်လျှင် ဝန်ကြီးဌာန၊ ဦးစီးဌာနတွေရဲ့ ရငွေဟာ ကျပ်သန်းပေါင်း (၅၅၀၀)ကျော် ရှိပြီး အသုံးစရိတ်ဟာ ကျပ်သန်းပေါင်း (၃၁၈၈၀၀)ကျော် ရှိသည့်အတွက် လိုငွေဟာ ကျပ်သန်းပေါင်း (၃၁၃၃၀၀)ကျော် ရှိနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများရဲ့ ရငွေဟာ ကျပ်သန်းပေါင်း (၁၂၅၇၄၄)ကျော်ဖြစ်ပြီး အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၁၂၂၈၆၈)ကျော်ဖြစ်သည့်အတွက် ပိုငွေဟာ ကျပ်သန်းပေါင်း (၂၈၇၆)ကျော် ရှိကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့များ၏





ပညာရေး ကောလိပ် (တောင်ကြီးနှင့် လားရှိုး)အတွက် ကျပ်သန်းပေါင်း (၁၉၃.၆)သန်း ရေးဆွဲတင်ပြထားတာ တွေ့ရှိရပါတယ်။ တောင်ကြီးတွင် ဖွင့်လှစ်မည့် ဆေးတက္ကသိုလ် အတွက် ပါဝင်တာ မတွေ့ရှိရတဲ့အတွက် ကျန်ရှိခဲ့လျှင်လည်း အဆိုပြုလွှာထားပေးဖို့ ဆွေးနွေးအကြံပြုအပ်ပါတယ်ရှင်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးအဆောက်အဦးနဲ့ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် မြေနေရာတွင် လိုအပ်သော လမ်းခင်းခြင်းလုပ်ငန်း( ၁၈ ပေ)အကျယ် ကတ္တရာလမ်းခင်းခြင်း (၃. ၄)မိုင်အတွက် ကျပ်သန်းပေါင်း (၃၆၅. ၉၅)အဆိုပြု တင်ပြထားတာ တွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ ဘတ်ဂျက်အခြေ အနေအရ ကတ္တရာလမ်း တော်တော်များများကို (၁၂)ပေ အကျယ်သာ ခင်းပေးနိုင်သေးတာ တွေ့ရတဲ့အတွက် (၁၈)ပေ လမ်းကို (၁၂)ပေ သာ ခွင့်ပြုသင့်ပါတယ်။ ပိုလာသည့်ငွေများကို အခြားအကျိုးရှိမည့် နေရာတွေမှာ အသုံးပြုခြင်းအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပိုမိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်ကြောင်း အပြုသဘောနှင့် အကြံပြုဆွေးနွေးအပ် ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ ရှမ်းပြည်နယ်ဆည်မြောင်းဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်မှာ ဆောင်ရွက်မည့် လုပ်ငန်းစာရင်း၊ ပထမ ဦးစားပေးလုပ်ငန်းများ အမှတ်စဉ် (၃၆)ဖော်ပြထားတဲ့ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သာယာလှပရေးအတွက်



D/real(wide) (3

လိုအပ်ရန်ပုံငွေဟာ (၃)သန်းနှင့် နန်းသဲ ဝန်ထမ်းအိမ်ရာတွင် အုတ်နံရံများ ဆေးသုတ်ခြင်းလုပ်ငန်းအတွက် ငွေကျပ် (၂၅)သန်း တင်ပြတောင်းခံခြင်းသည် အခြားဧည့်ရိပ်သာ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့်ယှဉ်လျှင် များပြားနေတာတွေ့ရသည့်အတွက် ခြိုးခြံချွေတာသည့် အနေဖြင့် လျှော့ပေါ့ခွင့်ပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်ရှင်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဘဏ္ဍာရေးဝန်ကြီး တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းအပေါ် သုံးသပ်တင်ပြချက်များဟာပြည့်စုံ ကောင်းမွန်သော်လည်း ဘတ်ဂျက်ကိစ္စနှင့် ပတ်သက်ပြီး စိမ်းနေသေးသည့် ကျွန်မတို့လွှတ်တော် ကိုယ်စားလှယ်အများစုအနေဖြင့် ပိုမိုပြီး ထင်သာမြင်သာရှိလာအောင် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးဌာနက ပြီးခဲ့သည့် ဘတ်ဂျက်၏ ဘယ်နှစ်ဆ၊ ဘယ်နှစ်နေရာ၊ ရာခိုင်နှုန်း၊ ပညာရေးဌာနက ပြီးခဲ့သည့် ဘတ်ဂျက်၏ ဘယ်နှစ်ဆနှင့် ရာခိုင်နှုန်းမည်မျှ ပိုမိုသုံးစွဲသွားမည်ဆိုသည်ကို သုံးသပ်ဖော်ပြပေးသွားလျှင် ပိုမိုပြည့်စုံကောင်းမွန်မှာ ဖြစ်ကြောင်း အကြံပြုဆွေးနွေးရင်း ဤဘတ်ဂျက်ကို အတည်ပြုဖို့အတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ကို တောင်းခံသင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။



D/real(wide) (3



အနေနဲ့ မိုင်းယောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းမြမြလွင် ဆွေးနွေးတဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်ပြီးတော့ အနည်းငယ် ပြန်လည်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ခန့်မှန်းခြေငွေစာရင်းမှာ ရငွေအနေနဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာနမှာ ကျပ်သန်းပေါင်း (၅၅၀၀. ၁၂၉)သန်းဖြစ်ပြီး သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း (၃၁၈၈၀၀. ၂၈၀)သန်း ဖြစ်သည့်အတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနရဲ့ လိုငွေသည် ကျပ်သန်းပေါင်း (၃၁၃၃၀၀. ၁၅၁)သန်း ရှိပါတယ်။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ရငွေမှာ ကျပ်သန်းပေါင်း (၁၂၅၇၄၄. ၇၄၄) ဖြစ်ပြီးတော့ သုံးငွေဟာ ကျပ်သန်းပေါင်း (၁၂၂၈၆၈. ၀၈၅)သန်းဖြစ်သည့်အတွက် ပိုငွေသည် ကျပ်သန်းပေါင်း (၂၈၇၆. ၆၅၉)သန်း ရှိပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ပါပါတယ်။ လမ်းတံတားဆောင်ရွက်သည့်အခါတွင် ငွေလုံးငွေရင်းအနေဖြင့် သုံးစွဲမှုအများဆုံးဖြစ်ပါတယ်။ ပိုငွေအနေဖြင့် ပေါ်ပေါက်ရခြင်းမှာ ကျွန်တော်တို့၏ မူလခန့်မှန်းခြေဖြစ်ပါတယ်။ ဒုတိယ (၆)လတွင် ဖြစ်ပေါ်လာမည့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ ပိုနေသည့်ငွေကို မည်သည့်နေရာတွင် သုံးစွဲရမည်။ အမှန်တကယ် ရငွေရ/မရဆိုသည်မှာ မသိရသေးပဲ ခန့်မှန်းသည့် အနေအထား ဖြစ်သည့်အတွက် ပိုငွေ ဖြစ်ပေါ်ရခြင်း

ဖြစ်ပါတယ်။ စည်ပင်သာယာ ရေးအဖွဲ့အနေဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ခန့်မှန်းခြေ ရငွေသည် ကျပ်သန်းပေါင်း (၉၀၉၇. ၂၅၀)ဖြစ်ပြီးတော့ သုံးငွေသည် ကျပ်သန်းပေါင်း (၉၀၇၉. ၈၈၆)သန်း ဖြစ်ပါတယ်။ ပိုငွေအနေဖြင့် (၁၇. ၃၆၄)သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေး အနေဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစီးသည့်အောက်တွင် ရှိသည့်အတွက် ပိုငွေများကို အများကြီး မချန်ထားပဲ လိုအပ်နေသည့် စည်ပင် သာယာရေးတွင် ဆောင်ရွက်ရမည့် ယာဉ်၊ ပစ္စည်း၊ စက်ကိရိယာများ ဝယ်ယူရန် ကြိုတင်ဖြည့်ဆည်းထားသည့်အတွက် ပိုငွေအနည်းငယ်သာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

မေးမြန်းထားသည့် ကတ္တရာလမ်းများကို (၁၈)ပေ ခင်းသည့်ကိစ္စရပ်မှာ လာမည့်အနာဂတ်ကာလတွင် ကျွန်တော်တို့ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် မဟာဗျူဟာ လမ်းများကို (၂၄)ပေအထိ ချဲ့ထွင်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်စနစ်နှင့်အညီ လာမည့်ကာလတွင် လိုက်လျောညီထွေ ဖြစ်လာစေရန်အတွက် (၁၈)ပေ ကတ္တရာခင်းခြင်းကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆေးတက္ကသိုလ်နှင့် ပတ်သက်ပြီး တောင်ကြီးဆေးတက္ကသိုလ် တည်ဆောက်ရာတွင် ရှမ်းပြည်နယ်၏ ဘတ်ဂျက်တွင် ပါဝင်တာမဟုတ်ပဲ ဆေးသိပ္ပံ ဦးစီး ဌာနမှရရှိထားသည့် ဘတ်ဂျက်ကို လုပ်ငန်းဖြင့်သာ လွှဲပေးပြီး လုပ်ငန်းအပေါ်တွင် ချပေးသည့်ငွေဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်းပေါင်း (၅၀၀၀)ချပေးပြီး ဆောင်ရွက်ရမှာဖြစ်ကြောင်း ဆွေးနွေးလိုပါတယ်။





**ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။**

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၇)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့မှ ဆွေးနွေးရန် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရ အဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်

ပညာရေး/ကျန်းမာရေးနှင့် ပတ်သက်၍ ရာခိုင်နှုန်းမည်မျှ တိုးတက်သည်/ ရာခိုင်နှုန်းမည်မျှပိုလာပါသည် ဆိုသည့်အနေ အထားကို ပြည်ထောင်စုဘတ်ဂျက်တွင် ပါဝင်သည့်အတွက် ရှမ်းပြည်နယ်တွင် ရေးဆွဲရခြင်း မရှိသေးပါ။ ထို့အပြင် ၂၀၁၄-၂၀၁၅ ခု၊ ဘတ်ဂျက်တွင် ယခုမှသာလျှင် စတင်တင်သွင်းရတာ ဖြစ်သည့် အတွက် ပြည်ထောင်စုဘတ်ဂျက်မှ မည်မျှရရှိမည်ဆိုသည်ကို ဖြေကြား နိုင်ခြင်း မရှိသေးပါကြောင်း ဆွေးနွေးတင်ပြအပ် ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် စိတ်ပါဝင်စားစွာ ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့မှသာ တင်သွင်းခွင့်ရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို သတ်မှတ်ထား သည့်နည်းလမ်း များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းရမှာ ဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေ အရအသုံးခန့်မှန်း ခြေငွေစာရင်းကို ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်း အဝေး (၁/၂၀၁၃) ပထမနေ့ (၄-၁၁-၂၀၁၃)ရက်နေ့မှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။



D/real(wide) (4



ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျပ်သန်းပေါင်း (၉၉၇. ၄၅၃)အနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုတည်းကိုပဲ သန်းပေါင်း (၈၆၃) သုံးစွဲသွားတာကို ဘာမှ မပြောပဲ အတည်ပြု ခဲ့ပါတယ်။ ကျွန်မတို့ ရှမ်းပြည်နယ်မှာ ရှိနေသည့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ သော်လည်း ကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအားလုံး သော်လည်းကောင်း၊ လုပ်ဆောင်လျှင် အားလုံးအတူတူပါပဲဟု အတည်ပြုခဲ့ပါတယ်။ ယခုနှစ်တွင် ဘတ်ဂျက်နှင့် ပတ်သက်သည့် စာအုပ်ကို (၄-၁၁-၂၀၁၃)ရက်နေ့တွင် ဝေထားပြီး (၅-၁၁-၂၀၁၃) ရက်နေ့ အတည်ပြုရမည်ဆိုသည်မှာ ကျွန်မတို့လေ့လာဖို့ အချိန် တော်တော်နည်းနေပါတယ်။ တွေ့မြင်ရသလောက် ပြောရမည် ဆိုလျှင် အခြားဆိုသည့်နေရာတွင် ကျပ်သန်းပေါင်း (၆၀၀)ကျော်ကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အများဆုံးသုံး ထားသည်ကို တွေ့ရှိရပါတယ်။ ထိုကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် နတလမှ များစွာချမှတ်ပေးထားသည်များ ရှိပြီးဖြစ်သည့်အတွက် လျှော့ပေါ့စဉ်းစားရန်လိုအပ်သည်ဟု တင်ပြချင်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဆန္ဒမဲဖြင့် အတည်ပြုပေးရန် တောင်းဆိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပထမမေးခွန်းတစ်ခုအနေဖြင့် ရသုံး မှန်းခြေ ငွေစာရင်းစာအုပ်မှာ (၄-၁၁-၂၀၁၃)ရက်နေ့တွင်မှ ဖြန့်ဝေခြင်း မဟုတ်ပဲ လွှတ်တော်ကိုယ်စားလှယ်များ တောင်းဆိုလျှင် ထုတ်ပေးရန် မှာထားပြီးဖြစ်ပါတယ်။ လာရောက်ထုတ်ယူသည့်

ပုဂ္ဂိုလ် (၁၂)ဦး ရှိကြောင်း သိရှိရပါတယ်။ ဒုတိယတောင်းဆိုသည့် အချက်ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်ဆန္ဒနဲ့ သဘောတူရန် တောင်းဆိုခြင်း ဖြစ်ပါတယ်။ သင့်လျော်မှန်ကန်သည့်အတွက် ကျွန်တော့်အနေဖြင့် လွှတ်တော်၏ ဆန္ဒကို ခံယူပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အတည်ပြုရန် သဘောတူသည့် ကိုယ်စားလှယ်များ မတ်တပ်ရပ်ပေးရန် ဖြစ်ပါတယ်။ **(မတ်တပ်ရပ်သည့်ကိုယ်စားလှယ် ထက်ဝက်ကျော်ပါသည်။)**

မတ်တပ်ရပ်ဆန္ဒမဲဖြင့် ဆန္ဒခံယူလျှင် အင်မတန်မှ ပွင့်လင်းမြင်သာမှု ရှိသည်ဟု ကျွန်တော် ယုံကြည်ပါတယ်။ ဒါကြောင့် လွှတ်တော်က သဘောတူသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၃) ပထမနေ့တွင် တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။



D/real(wide) (4



သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆောင်ရွက်မည့်အစီအစဉ်များနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် တင်ပြသည့် ရန်ပုံငွေ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဒုတိယ ဥက္ကဋ္ဌကြီးအား လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားပါမယ်။

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)။** လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင်။ မိုင်းယောင်း မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းမြမြလွင် ဆွေးနွေးချက်နှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ခံယူသင့်ပါသည်ဟု ပြောသွားပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် ပြည်သူတွေရွေးချယ်ထားတဲ့ ပြည်သူတွေရဲ့ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်ဖြစ်တဲ့အတွက် ပြည်သူရဲ့ဆန္ဒကို လိုက်နာရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဝန်ကြီး အနေဖြင့် ရငွေများကို အမှန်တကယ် ရ/မရ မသိပဲ ခန့်မှန်း အနေဖြင့်သာ တင်ပြရသည် ဆိုပေမယ့် လုပ်ဆောင်မည့် လုပ်ငန်း လျာထားချက်မှာ အတည်ဖြစ်နေပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ဗဟိုအဖွဲ့အစည်းနှင့်

# ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၃) ကျင်းပပြီးစီးခြင်း။

**ဒုတိယဥက္ကဋ္ဌ။** အစီအစဉ် (၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃)မှာ မေးခွန်းမေးမြန်းနှင့် ဖြေကြားခြင်း (၈)ခု၊ ဘတ်ဂျက် အဆိုတင်သွင်းခြင်း (၁)ခု၊ ပြည်နယ်ဝန်ကြီးချုပ်မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း(၁)ခု၊ ဆောင်ရွက်ပြီးစီးတဲ့အကြောင်း ပြောကြားလိုပါတယ်။

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူး အစည်းအဝေး (၁/၂၀၁၃) ဒုတိယနေ့အစီအစဉ် မကြာမီ ပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ မပြီးဆုံးခင်မှာ ကျွန်တော်အနေဖြင့် အခွင့်သာတုန်း နှုတ်ဆက်အမှာစကား ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရဲ့ ဆောင်ပုဒ် ဖြစ်တဲ့ ပြည်သူ့အသံ၊ လွှတ်တော်အသံ ဆိုတဲ့အတိုင်း ပြည်သူ့အသံ လွှတ်တော်ထဲ ရောက်အောင် ကျွန်တော့်အမြင်ကတော့ လွှတ်တော်ကိုယ်စား လှယ်များအပေါ်မှာပဲ တည်မှီနေပါတယ်။ ပြည်သူ့အသံကို ကြားအောင် နားထောင်ပေးကြပါ။ ပြည်သူ့အသံ လွှတ်တော်ထဲ ရောက်ဖို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကို သိအောင် ပြုကြပါ။ ပြည်သူ့ဆန္ဒကို သိဖို့ဆိုလျှင် စားပွဲပေါ်ထိုင်နေရုံ၊ အိမ်ထဲမှာ နေရုံဖြင့် သိမှာ မဟုတ်ဟု ယူဆပါတယ်။ ဒါကြောင့် ပြည်သူများက လိုအပ်တဲ့ ဆန္ဒပြည့်အောင် ပြုပြီး လွှတ်တော်ထဲကို ရောက်အောင် ပို့ဆောင်ပေးကြပါ။ ဆက်လက်ပြီး နောက်ဆုံး ဆောင်ပုဒ်တစ်ခု ဖြစ်တဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက် ပြည်သူ့အသံ သိမှ၊ ကြားမှ



D/real(wide) (4



ကျင်းပမဲ့ လွှတ်တော်အစည်းအဝေးမှာ ကျန်းကျန်းမာမာ စုံစုံညီညီ ပြည်သူ့အကျိုးပြုဥပဒေ ဆောင်ရွက် နိုင်ရန်အတွက် အမှာစကား လက်ဆောင်ပါးပြီး ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## အထူးအစည်းအဝေး (၁/၂၀၁၃)

## ဆုံးဖြတ်ချက်

**ဆုံးဖြတ်ချက်အမှတ် ၅၄-၁/၂၀၁၃။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ချက်**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအား လွှတ်တော်မှ သဘောတူကြောင်း ဆုံးဖြတ်သည်။





ပြည်သူ့ဆန္ဒသိမှ ပြည်သူ့တို့ရဲ့ မျှော်လင့်ချက်ကို သိရမယ်။ သိနိုင်တယ်။ သို့မှသာလျှင် ပြည်သူ့မျှော်လင့်ချက်ကို လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့အတိုင်း ပြည်သူ့အကျိုးပြုမယ့် ဥပဒေပြုဖို့ ဖြစ်ပါတယ်။ တကယ်တမ်းလွှတ်တော်က သွားပြီးတော့ ပြည်သူ့တို့ရဲ့ လုပ်ငန်းကို ဆောင်ရွက်ခြင်းမဟုတ်ပါဘူး။ ပြည်သူ့ဘက်က ရပ်တည်တဲ့ ဥပဒေကို ပြုပေးဖို့ ကျွန်တော်တို့ လွှတ်တော်မှာ တာဝန်ရှိပါတယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုးရှိမယ့် ဥပဒေပြုနိုင်ဖို့ ကြိုးစားပေးကြပါလို့ မှာကြားလိုပါတယ်။ တဆက်တည်းမှာပဲ ကျွန်တော်တို့ မဏ္ဍိုင်ကြီး (၃)ရပ်ရှိပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာကိုလည်း အားကိုးစေချင်ပါတယ်။ မီဒီယာကောင်းမှ လွှတ်တော်ဆောင်ရွက် မှုတွေ သိနိုင်မယ်။ မီဒီယာဆိုတာ ဂျာနယ်၊ ဝက်ဘ်ဆိုက် မဟုတ်ပါ။ ရှေးကတည်းက ကျင့်သုံးခဲ့တဲ့ မီဒီယာ ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအားလုံးလဲ သိကြပါတယ်။ ဒါပေမဲ့ မီဒီယာကို နားထောင်ပြီး ကောလဟာလ မဖြစ်အောင်တော့ ဂရုပြုရပါမယ်။ သတင်းနှင့် ကောလဟာလမှာ ကောလဟာလမဖြစ်ဖို့ မိမိကိုယ်ပိုင် ဉာဏ်ဖြင့် ဆုံးဖြတ်ပြီး သတင်းကို ဖြစ်နိုင်မှ ဖြန့်ဝေပေးကြပါလို့ မှာကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် တည်မှီနေပါတယ်။ ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။ နောက်ဆုံးမဏ္ဍိုင်ဖြစ်တဲ့ တိုင်းပြည်ငြိမ်းချမ်းသာယာစွာနဲ့ ခရီးဆက်နိုင်ဖို့ဆိုရင် အင်မတန်မှ အဓိက အကျဆုံး ပြည်သူ့မဏ္ဍိုင် ဖြစ်ပါတယ်။ ဘာအလုပ်ပဲလုပ်လုပ် ပြည်သူမပါရင် မပြီးနိုင်ပါဘူး။ ဒါကြောင့် ပြည်သူက ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်များ ပီပီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များဟာ စာချုပ်အတိုင်းပဲ ပြည်သူများရဲ့ အကျိုးကို ဆထက်ထမ်းပိုး တိုးတက်ဆောင်ရွက်ကြရင်းနဲ့ နောင်တစ်ချိန်မှာ

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ် ၅၃-၁/၂၀၁၃။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၄-၁/၂၀၁၃။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၀၁၃ ခုနှစ်၊







D/real(wide) (4

နိုဝင်ဘာလ ၄ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ် လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၅၅-၁/၂၀၁၃။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက် (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၃) ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။